အပွမာဒေါ စ ဓမ္မေသု တော် မင်္ဂလမုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၄)

ယနေ့ထုတ်ခေါင်းရေ – ၂၀၀၇၁၂

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ကြ

နိုင်ငံတစ်ဝန်းလုံးမှာ မြို့ပြတွေသာမက ကျေးလက်တွေပါ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးလက်ဒေသ လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိတယ်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရတဲ့ နယ်စပ်ဒေသတွေမှာလဲ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်ပေးလျက်ရှိတယ်။ ဒါကြောင့် အနာဂတ်နိုင်ငံတော်ဟာ တစ်နေ့တခြား တိုးတက်ဖြစ်ထွန်းလာမှာ ဖြစ်တယ်။ ရဲဘော်တို့ဟာ ပြည်သူနဲ့လက်တွဲပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)
သင်တန်းဆင်းမိန့်ခွန်းမှ–

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ကြောင်းများ(တပ်ပါ)လေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် (၆၀)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ပါဝင် စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန်(တပ်ပါ) ချီတက်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် (၆၀)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ (၆၀)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ စစ်ဦးစီး အရာရှိချုပ်(ရေ)၊ ဗိုလ်မှူးကြီး ညဏ်ထွန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ် ဆန်းဆင့်၊ စစ်ဥပဒေချုပ်

စာမျက်နှာ ၁၁ ကော်လံ ၁ ☼

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း(၆၀)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ စစ်ကြောင်းများ (တပ်ပါ) ချီတက် လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၂၂ ရက်)

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေး ဆန်စပါး တိုးတက်ထုတ်လုပ် ဒေသရာသီရေမြေနှင့်ကိုက်ညီသည့် ဆီအုန်းနှင့်ရော်ဘာ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၁ရက်နေ့အထိ တနင်္သာရီတိုင်းသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း တနင်္သာရီတိုင်း၏ ရေမြေသယံဇာတ၊ ပင်လယ်ပြင်သယံဇာတ၊ သတ္တုသယံဇာတနှင့် သစ်တောသယံဇာတ စသည့် သဘာဝသယံဇာတများကို အပြည့်အဝဖော်ထုတ် အသုံးချနိုင်မည်ဆိုလျှင် တနင်္သာရီတိုင်းသည် ချမ်းသာကြွယ်ဝသော တိုင်းကြီးဖြစ်နိုင်ပြီး ဒေသခံ ပြည်သူများ၏နှစ်စဉ်ပျမ်းမျှဝင်ငွေသည်လည်း ပိုမိုတိုးတက်ကာ လူနေမှုအဆင့်အတန်းမြင့်မားသွား နိုင်ကြောင်း လမ်းညွှန်မိန့်ကြားခဲ့သည်။

ထို့ပြင် တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသည့် စီးပွားရေးကဏ္ဍများအနက် စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဒေသတွင်း ဆန်စပါးဖူလုံရေးအတွက် ဆန်စပါးတိုးတက် ထုတ်လုပ်ရေး၊ ဒေသရာသီရေမြေနှင့်ကိုက်ညီသည့် နှစ်ရှည်ပင်များဖြစ်သော ဆီအုန်းနှင့် ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးတို့ကို အလေးပေးညွှန်ပြခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ မတ်လ၁၇ရက်နေ့ နံနက်ပိုင်းက မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာ နိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊တနင်္သာရီတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးနေသော တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းကို အသစ်ဝင်ရောက်လုပ်ကိုင်ကြမည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ မြိတ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များအားတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက–

"စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဈေးကွက် စီးပွားရေးစနစ် ပိုမိုပီပြင် ပြည့်စုံစွာဖြစ်ထွန်းရေးအတွက် လည်းကောင်း၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါနှင့် ရော်ဘာတို့ကို ဈေးနှုန်းကန့်သတ်၍အချိုးအစားအရေအတွက်တစ်ရပ်အထိ နိုင်ငံတော် အဖွဲ့အစည်း များက ပင်ထောင်စနစ်ဖြင့် ဝယ်ယူခြင်း၊ နိုင်ငံတော်အဖွဲ့အစည်းများသို့ ရောင်းချစေခြင်း စသည်တို့ကို ဆက်လက်ပြုလုပ်တော့မည်မဟုတ်ဘဲ ဈေးကွက်၏ သဘောတရားနှင့်အညီ ကြိုက်ရောင်းကြိုက်ဝယ် လွတ်လပ်စွာ သယ်ယူရောင်းဝယ်ခွင့်ကို ပြုလိုက်ပြီဖြစ်ကြောင်း"

ပြောကြားသွားသည်။

တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏စားသုံးဆီဖူလုံရေးကို ဆီအိုးကြီး အဖြစ် ထိထိရောက်ရောက် အထောက်အကူပြုနိုင်မည် ဖြစ်သကဲ့သို့ ရင်းနှီးစိုက်ပျိုးလုပ်ကိုင်သော လုပ်ငန်းရှင်များအတွက်လည်း ရေရှည်အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများကို နိုင်ငံတော် စီမံကိန်းတစ်ရပ်အဖြစ်သတ်မှတ်ပြီး လုပ်ငန်းရှင် များအား လုပ်ပိုင်ခွင့်များ ချထားပေးမှုအပါအဝင် လိုအပ်သည်များကို အားပေးခဲ့သည်။ ဆီအုန်း စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းသည် သွင်းကုန်အစားထိုးလုပ်ငန်းဖြစ်သည်သာမက တစ်ချိန်တွင် ပြည်ပပို့ကုန်အဖြစ်ပင် ရပ်တည်သွားနိုင်မည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။

ကြံနှင့်ဝါကို ပြည်တွင်းလိုအပ်ချက် ဖူလုံပြည့်စုံအောင် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်နေသေးသဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရန် လောလောဆယ်ခွင့်မပြုသေးသော်လည်း ပြည်တွင်း၌ လွတ်လပ်စွာသယ်ဆောင်ရောင်းဝယ်ခွင့်ပြုထားသည်။

ရော်ဘာမှာမူ ပြည်တွင်းလိုအပ်ချက်အတွက် ဖူလုံရုံသာမက ပိုလျှံနိုင်သည့် အခြေအနေများရှိရာ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချခွင့်ပြုရန် စီမံထားသည်။

သို့ဖြစ်ရာ ယနေ့နိုင်ငံတော်၌ စိုက်ပျိုးထုတ်လုပ်နေသော သီးနှံများနှင့် စပ်လျဉ်း၍ ကန့်သတ် မှုများမရှိတော့ဘဲ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့် ပြုထားပြီးဖြစ်သည့်အလျောက် တောင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး တိုးတက် စိုက်ပျိုးထုတ်လုပ်သွားကြရန်နှင့် ဒေသရာသီရေမြေနှင့် ကိုက်ညီသည့် ဆီအုန်းနှင့်ရော်ဘာ တိုးချဲ့ စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မတ်၂၀ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း၏မူလတန်းဆင့် သင်ယူ ပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကို ကျောင်းခန်းမတွင် ပြုလုပ်ရာ စတုတ္ထတန်း ကျောင်းသူ မခင်သန်းကြွယ်အား ကျောင်း အုပ်ဆရာမကြီး ဒေါ်သိန်းနုက သင်ယူ ပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။

(၂၅၉)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အမျိုးသမီး ရေးရာ စီးပွားရေးလုပ်ငန်းအဖွဲ့တာဝန်ခံများ ရင်းနှီးစွာတွေ့ဆုံပွဲနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ(MICT Park)၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်၊ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်းတည်ထောင်သူနှင့် အကြံပေးပါမောက္ခ(ငြိမ်း)ဒေါ်ရီရီမြင့်၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်း အဖွဲ့ နာယကများ၊ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြင့်မြင့်၊ အတွင်းရေးမှူး ဒေါ်သီတာတင်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာစီးပွားရေးလုပ်ငန်း အဖွဲ့တာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မြင့်မြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး **(အပေါ်ပုံ)** ဆက်လက်၍ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်းတည်ထောင်သူနှင့် အကြံပေး ပါမောက္ခ(ငြိမ်း) ဒေါ်ရီရီမြင့်က အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို အခန်း အမှတ်(၂၀၅)၌ ဆက်လက်ကျင်းပရာ အသေးစား ရင်းနှီး မတည်ငွေလုပ်ငန်းနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်း အဖွဲ့ဝင် ဒေါ်မြသောင်းဝေကလည်းကောင်း၊ Counselling ကဏ္ဍအား ရန်ကုန်စိတ်ပညာ ဌာနပါမောက္ခ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်း ရေးမှူး ဒေါက်တာဒေါ်ခင်အေးဝင်းက လည်းကောင်း၊ အမျိုးသမီး၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံသော စီးပွားရေးလုပ်ငန်းရှင်များ၏အခန်းကဏ္ဍ နှင့်စပ်လျဉ်း၍ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဒေါ်သိင်္ဂီဝင်းက လည်းကောင်း၊ စီမံ ခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်း စီမံချက်နှင့်စပ်လျဉ်း၍ စီးပွားရေးအဖွဲ့ဝင် ဒေါ်မြင့်မြင့်အေးက လည်းကောင်း၊ စီးပွားရေးလုပ်ဆောင်ရာတွင် ထားရှိရမည့်လူမှုဆက်ဆံရေး ပညာနှင့်စပ်လျဉ်း၍ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင် များအသင်း အလုပ်အမှုဆောင်ဒေါ်မျိုးမျိုးသက်က လည်း ကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍Entrepreneurship & Managementခေါင်းစဉ်အား ရန်ကုန်စီးပွားရေးတက္ကသိုလ် ဂုဏ်ထူး ဆောင် ပါမောက္ခ မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်း အဖွဲ့ဝင်ဒေါ်လှမြင့်က လည်းကောင်း၊ သင်တန်းများစီစဉ်ဖွင့်လှစ်ခြင်း၊ အလုပ် အကိုင်ရှာဖွေပေးရေး ရည်ရွယ်ချက်များနှင့် လက်ရှိ ရန်ကုန်တိုင်းအတွင်း လိုအပ် ချက်များအား စမ်းစစ်ခြင်း (Need Analysis Questionnaire)အား မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင် အသင်းဒုတိယဥက္ကဋ္ဌဒေါ်ဝါဝါထွန်းနှင့် စီးပွားရေး လုပ်ငန်း အဖွဲ့ အဖွဲ့ဝင် ဒေါ်ချောခင်ခင်တို့က ရှင်းလင်းတင်ပြ ကြသည်။

အမှာစကားပြော

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဆွေးနွေးကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မြင့်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ညနေပိုင်း တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သကြံန်တွင်း တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၁

ပဲခူးမြို့ အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယအသောကာရုံ ဓမ္မရိပ်သာဆရာ တော် ဘဒ္ဒန္တသီရိန္ဒ၏ သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်းကို ပဲခူးမြို့ အသောကာဓမ္မရိပ်သာ ဆရာတော်ကြီး ဦးဆောင်၍ သနပ်ပင်မြို့ လေသာ ဆရာတော်နှင့် တပည့်များက တန်ခူး လပြည့်ကျော် ၅ ရက်မှ တန်ခူးလပြည့် ကျော် ၁၂ ရက်အထိ ကျင်းပမည်ဖြစ် သည်။ တရားစခန်းဝင်လိုသူ ယောဂီ များ တန်ခူးလပြည့်ကျော် ၁ ရက် နောက်ဆုံးထားစာရင်းပေးသွင်းရမည် ဖြစ်ပြီး တန်ခူးလပြည့်ကျော် ၅ ရက် ညနေ ၄နာရီအရောက်လာရောက်ကြ ရမည်ဖြစ်သည်။ ရဟန်းခံရှင်ပြုလိုသူ များ လေသာဆရာတော်နှင့် အကျိုး ဆောင် အဖွဲ့ထံတွင် ကြိုတင်စာရင်း ပေးသွင်းကြရမည်ဖြစ်သည်။

လှူဒါန်းဒါနပြုလိုသူများ အကျိုး ဆောင်အဖွဲ့နှင့် ဆက်သွယ်၍ ကြိုတင် စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နှုတ်ခွန်းဆက်အမှာစကား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ မုံရွာလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

လမ်းပန်းဆက်သွယ်မှုဆိုင်ရာအခြေခံအဆောက်အအုံပြည့်စုံမှု သားစဉ်မြေးဆက်အထိကျယ်ပြန့်သောအကျိုးဖြစ်ထွန်းမှုများရရှိစေမည်

✻ *ကျောဖုံးမှ*

မုံရွာလေဆိပ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ရွှေသံလွင် ဟိုက်ဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဘင်ခရာ ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မုံရွာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်ခက်သန္တာစိုးနှင့် အသင်းဝင် မဝေမွန်လေးမြင့်တို့က ဆောင်ရွက်ကြသည်။

မုံရွာလေဆိပ်ဖွင့်ပွဲအခမ်းအနားမစတင်မီမြန်မာ့လေကြောင်းမှ ဖော်ကာ F-28ဂျက်လေယာဉ်သည်နံနက်၇နာရီမိနစ်၅၀တွင် မုံရွာလေဆိပ်သို့ ခရီးသည်များနှင့်အတူ ရောက်ရှိလာသည်။

ဖွင့်ပွဲအခမ်းအနားကျင်းပ

ထို့နောက်မုံရွာလေဆိပ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင်စတင်ကျင်းပရာ အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် မုံရွာလေယာဉ်ကွင်းသည်မူလက လေယာဉ်ပြေးလမ်းအလျားပေ ၅၀၀၀၊ အကျယ်ပေ ၁၀၀ရှိသည့် ကျောက်ရောမြေမာလေယာဉ်ကွင်း ဖြစ်ကြောင်း၊ ဤလေယာဉ်ကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီက ပထမအဆင့်အဖြစ် အလျား ပေ ၆၀၀၀၊ အကျယ်ပေ၁၀၀ရှိ ကျောက်ကတ္တရာခင်းလေယာဉ်ပြေးလမ်းအဖြစ် တိုးချဲ့တည်ဆောက်ခဲ့ပြီး ၂၀၀၃ခုနှစ် နိုဝင်ဘာ၁၆ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ကာ ဖော်ကာ F-28အပါအဝင် ခရီးသည်လေယာဉ်များ ပြေးဆွဲလျက် ရှိနေပြီဖြစ်ကြောင်း။

ဤလေယာဉ်ပြေးလမ်းကို ဒုတိယအဆင့် အလျားပေ ၈၅၀၀ အထိ နိုင်လွန် ကတ္တရာပြေးလမ်းအဖြစ် တိုးချဲ့ပြီး ခံ့ညားထည်ဝါသောလေဆိပ်အဆောက်အအုံ ပြည့်ပြည့်စုံစုံဖြင့် ခေတ်မီလေဆိပ်အဖြစ် တည်ဆောက်ပြီးစီးသည့်အတွက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ခမ်းခမ်းနားနားဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း။

ခန္တီးလေယာဉ်ပြေးလမ်းတိုးချဲ့

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့် သွားလာကူးလူးဆက်ဆံရာတွင်ရော၊ နိုင်ငံအတွင်း ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံရာတွင်ပါ လွယ်ကူလျင်မြန်စေရန်အတွက် ယခုကဲ့သို့ လေယာဉ်ကွင်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ကွင်းသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းအတွင်းတွင် နာဂဒေသ၏ ဝင်ထွက်ပေါက်ဖြစ်သည့် ဟုမ္မလင်းမြို့၌ ဂျက်လေယာဉ်များ ဆင်းတက်နိုင်သော လေယာဉ်ကွင်းသစ်ကို တည်ဆောက်ခဲ့သကဲ့သို့ ကလေးလေယာဉ်ကွင်းကို အဆင့်မီ တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ခန္တီးလေယာဉ်ပြေးလမ်း တိုးချဲ့မှုကိုလည်း အမြန်ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ရန် လေယာဉ်ကွင်းအခြေခံအဆောက်အအုံများ တည်ဆောက်နေသကဲ့သို့ စစ်ကိုင်းတိုင်းအတွင်း၌ မော်တော်ကားလမ်းများ၊ ရထားလမ်းများနှင့် မြစ်ကူးချောင်းကူးတံတားများကို တိုးချဲ့တည်ဆောက်၍ လမ်းပန်းဆက်သွယ်မှု ကွန်ရက်ကို တိုးချဲ့ခဲ့ပြီးဖြစ်ကြောင်း။

ကလေး – ဂန့်ဂေါ – ပခုက္ကူ – ချောင်းဦး ရထားလမ်းနှင့် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားတို့ကြောင့် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း ဆက်သွယ်ရေးသည် မြစ်ခြား၊ချောင်းခြား ဖြစ်မနေတော့ဘဲ တစ်ဆက်တစ်စပ်တည်း အပြန်အလှန် လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း၊ အလားတူပင် ချင်းတွင်းမြစ်ကူး မုံရွာတံတားကြီးကို တည်ဆောက်ပြီး မုံရွာ–ယားကြီး– ကလေးဝ ကားလမ်းသစ်ကို ဖောက်လုပ်လိုက်သည့်အတွက် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများ၏ သွားရေးလာရေးကို သာမက ချင်းပြည်နယ်နှင့် ဆက်စပ်သွားလာရေးကိုပါလွယ်ကူမြန်ဆန်သွားစေသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုတိုးတက်

ထိုနည်းတူစွာ မူးမြစ်ကူးတံတားနှင့် ဘုတလင်–ရေဦး–ခင်ဦး ရထားလမ်းကိုလည်း တိုက်ရိုက်ဆက်သွယ်တည်ဆောက်ပြီးဖြစ်သည့်အတွက် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ပိုမိုတိုးတက်မြန်ဆန်လာကြောင်း။

စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ် အကြားတွင်လည်း ရွှေဘို–မြစ်ကြီးနား မော်တော်ကားလမ်းကို တိုက်ရိုက်ဆက်စပ်ဖောက်လုပ်နိုင်သည့်အတွက် စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်သည် ရထားလမ်းနှင့်သာမက ကားလမ်းကြောင်းနှင့်ပါ ဆက်သွယ်သွားလာနိုင်သည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်ကြောင်း။

တစ်ဆက်တည်းဖြစ်

လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့သည်နှင့်အမျှ ဒေသ၏ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေး၊ လူမှုရေးတို့ တိုးတက်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းသည်လည်း တစ်ပါတည်း မြင့်မားတိုးတက်လာလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် စစ်ကိုင်းတိုင်း အတွင်းတွင် သာမက အခြားပြည်နယ်၊ တိုင်းများ၏ ရေကြော၊ မြေကြောများကို တစ်ဆက်တစ်စပ်တည်း ဖြစ်လာစေပြီး တိုင်းရင်းသား အချင်းချင်း အထိအတွေ့ အဆက်အဆံ ပိုမိုများပြားလာစေရန် လိုအပ်သည့်လမ်းများ၊ တံတားများကို တည်ဆောက်ပေးလျက် ရှိကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှ တောင်ဖျား၊ ဒေါင်လိုက်ဖြစ်စေ အလျားလိုက်ဖြစ်စေ သွား၍ လာ၍ ရနေပြီဖြစ်ကြောင်း။

တိုးတက်မှု သရုပ်သကန်ကို ကိန်းဂဏန်းစာရင်းဇယားဖြင့် ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်တွင် ကားလမ်းမိုင် ၁၃၆၀၀ ကျော်ရှိခဲ့ရာမှ ယခုမိုင် ၁၈၁၀၀ ကျော်အထိ ဖြစ်ထွန်းခဲ့ပြီး ယခင်ပေ ၁၈၀ အထက် တံတား ၁၆ စင်းရှိရာ ယခု ၁၆၈ စင်းအထိ လည်းကောင်း၊ လေယာဉ်ကွင်းပေါင်း ၂၁ ကွင်း ရှိရာမှ ယခု၂၈ကွင်းရှိလာပြီး ယခင်က ဖော်ကာ F-28°° ဂျက်လေယာဉ် ဆင်းတက်နိုင်သည့် လေယာဉ်ကွင်း ခြောက်ကွင်းသာ ရှိခဲ့ရာမှ ယခုအခါ ကွင်း၂၀အထိ လည်းကောင်းတိုးတက်လာပြီဖြစ်သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

သားစဉ်မြေးဆက်အကျိုးဖြစ်ထွန်း

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍကို အဘက်ဘက်မှ တိုးတက်ကောင်းမွန်

စာမျက်နှာ ၄ ကော်လံ ၁

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ မုံရွာလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်သူများအားတွေ့ရစဉ်။

(သတင်းစဉ်)



22-3 (3).p65 1 3/26/05, 10:52 PM

စာမျက်နှာ ၃ မှ

အောင် ဆောင်ရွက်ပေးနေခြင်းကြောင့် တိုင်းရင်းသားပြည်သူများသည် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ပြီး ကုန်စည် ရောင်းဝယ်ရေးလုပ်ငန်းများရေ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လူမှုရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံ ပြည့်စုံမှုများသည် သားစဉ်မြေးဆက်အထိ ကျယ်ပြန့်သော အကျိုးဖြစ်ထွန်းမှုများရရှိစေမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးရင်း တစ်ဖက်မှလည်း စီးပွားရေးဖွံ့ဖြိုးမှုအတွက် လိုအပ်သည့်အခြေခံများကို တည်ဆောက်ပေးလျက် ရှိကြောင်း၊ နိုင်ငံတော်တွင် အကြီးဆုံးဆည်ကြီးဖြစ်သည့် သဖန်းဆိပ်ဘက်စုံရေလှောင်တမံအပါအဝင် ဆည်တမံလုပ်ငန်းပေါင်း၂၈ခုကို စစ်ကိုင်းတိုင်းအတွင်းတွင် တည်ဆောက်ခဲ့ပြီးဖြစ်သည့်အတွက် စိုက်ပျိုးမြေဧကခြောက်သိန်းခန့်သည် စိုက်ပျိုးရေများရရှိပြီး သီးထပ်များ တိုးချဲ့စိုက်နိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေရရှိရေးနည်းလမ်းတစ်ရပ်ဖြစ်သည့် မြစ်ရေတင်လုပ်ငန်းများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းအတွင်းတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၆ ခု၊ ဒီဇယ်မြစ်ရေတင်လုပ်ငန်း ၄၅ ခု စုစုပေါင်း မြစ်ရေတင်လုပ်ငန်း ၆၁ ခုနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မြေဧရိယာဧက ၉၀၀၀၀ ကျော်ကို ရေပေးဝေနိုင်ပြီဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းဖွံ့ဖြိုးလာ

ရေသောက်ဧရိယာ တိုးတက်လာသကဲ့သို့ စစ်ကိုင်းတိုင်း၏ စိုက်ပျိုးမြေဧရိယာကို ကြည့်မည်ဆိုလျှင် ယခင် ဧက၂၈သိန်းခန့်ရှိရာမှ ယခုဧက ၃၉သိန်းကျော် ၄၀နီးပါးခန့်အထိ တိုးတက်လာပြီးစပါးစိုက်ဧရိယာအနေဖြင့် ဧက၁ဒသမ၂သန်းကျော် စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ ဧက ၁ဒသမ၈သန်းခန့်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် စပါးစိုက်ဧက ၅ဒသမ၈သိန်း ကျော်တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းသည် စပါးအထွက် သိသာစွာတိုးလာပြီး ဆန်စပါးပိုလျှံလာသည့်အတွက် အထက်မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် စတင်ရပ်တည်လာနေပြီဖြစ်ကြောင်း၊ အခြားပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံတို့သည်လည်း တိုးတက်ထွက်ရှိလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် တိုင်းဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်နိုင်အား တိုးတက်လာသည်နှင့်အမျှ စစ်ကိုင်းတိုင်း၏ ကျန်စီးပွားရေးကဏ္ဍများသည်လည်း တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း။

စစ်ကိုင်းတိုင်း၏ စီးပွားရေးတိုးတက်မှုနှုန်းကို ကြည့်မည်ဆိုလျှင် ၂၀၀၁-၂၀၀၂ခုနှစ်တွင် ၁၀ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ခုနှစ်တွင် ၁၅ရာခိုင်နှုန်းခန့် အသီးသီးတိုးတက်လာခဲ့ပြီး ယခုနှစ်တွင်လည်း တိုးတက်မှုနှုန်းသည် ၁၀ ရာခိုင်နှုန်းအထက်တွင်ရှိမည့် အခြေအနေကောင်းများရှိနေကြောင်းကို လေ့လာတွေ့ရှိနေရကြောင်း။

ဤကဲ့သို့ တိုးတက်လာသည့်အတွက် စစ်ကိုင်းတိုင်းသည် နိုင်ငံတော်တစ်ရပ်လုံး၏ အမျိုးသားစီးပွားရေး တန်ဖိုးပမာဏ၌ ၁၂ ရာခိုင်နှုန်းခန့် အချိုးအစားအားဖြင့် ပါဝင် အထောက်အကူပြုနိုင်သည့် တိုင်းကြီးတစ်တိုင်းဖြစ်နေပြီး လူတစ်ဦးချင်းဝင်ငွေသည်လည်း ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ကျပ်တစ်သိန်းနှစ်သောင်းခန့်ရှိခဲ့ပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင်ကျပ်တစ်သိန်းခွဲခန့်အထိ တိုးတက်လာမည်ဟု မျှော်မှန်းတွက်ဆ၍ ရနေပြီဖြစ်ကြောင်း၊ ကိန်းဂဏန်းအရရော မျက်မြင်ရပ်ပိုင်းအခြေအနေများအရပါ စစ်ကိုင်းတိုင်းသည် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိနေသည်မှာ ထင်ရှားပေါ်လွင် လျက်ရှိကြောင်း။

ဦးထမ်းပဲ့ထမ်းအားထုတ်

ဤကဲ့သို့ တိုးတက်လာခြင်းသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာနှင့် ဖန်တီးပေးထားသော အခြေခံကောင်းများကို ဒေသ၌ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများက ထိထိရောက်ရောက် အသုံးချပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ခဲ့၍ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီအထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် ဖော်ဆောင်နိုင်သည့် အင်အားစုမှာ ဒေသ၌ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများနှင့် တပ်မတော်သားများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ဦးပဲ့ထမ်းပြီး တကယ်အားထုတ် အလုပ်လုပ်နိုင်မှသာ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ပြည်နယ်/တိုင်းအာလုံးမျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်မှလည်း ပြည်ထောင်စုကြီးသည် တင်းပြည့်ကျပ်ပြည့် ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်လည်း မြို့နယ်အလျောက်၊ ခရိုင်လည်းခရိုင်အလျောက်၊ ပြည်နယ်/တိုင်းလည်း ပြည်နယ်/တိုင်းအလျောက် ထိထိမိမိ အလုပ်လုပ်ကြရန် လိုကြောင်း၊ အလုပ်လုပ်ကြရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်စာနာမှု၊ ညီညွတ်မှု၊ စည်းကမ်းဥပဒေ လေးစားလိုက်နာမှု၊ ဝီရိယထားအားထုတ်ကြိုးပမ်းမှုများကို အခြေခံပြီး အလုပ်လုပ်ကြရမည် ဖြစ်ကြောင်း၊ အလုပ်မှန် အသိမှန်မှသာ ဒေသ၏စီးပွားဖွံ့ဖြိုးရေး အပါအဝင် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ပြည်ထောင်စုကြီး၌ အခြေခံအားဖြင့် လိုအပ်နေသည့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ညီညွတ်မှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို တည်ဆောက်ထိန်းသိမ်းကာကွယ်နိုင်မည် ဖြစ်ကြောင်း။

နိုးနိုးကြားကြားသယ်ဆောင်

ထို့ကြောင့် အမှန်နှင့်အမှား၊ အလင်းနှင့်အမှောင်၊ အကောင်းနှင့် အဆိုး တို့ကို ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်သည့် ဆင်ခြင်တုံတရား၊ အသိပညာအားတို့ကို မြင့်မားကျယ်ပြန့်အောင် ကြိုးစားကြရင်း မိမိတို့၏ တစ်ဦးချင်းဘဝ တိုးတက်ရေး၊ စစ်ကိုင်းတိုင်း တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးတို့ကို နိုးနိုးကြားကြား သယ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ခေတ်မီမုံရွာလေယာဉ်ကွင်းကို တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီကိုလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသည့် ဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုလည်းကောင်း၊ ဒေသခံဝန်ထမ်းများ၊ ပြည်သူများအားလည်းကောင်း ကျေးဇူးတင်ရှိကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာ၌ မုံရွာမြို့သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းရှိ မြို့တော်တစ်ခုဖြစ်ပြီး စက်မှုလက်မှုထွန်းကားသည့်၊ စီးပွားရေးအရ အချက်အချာကျသည့် မြို့ကြီးတစ်မြို့လည်းဖြစ်ကြောင်း၊နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးသာမက ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး၊ လမ်းပန်းဆက်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ စက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုစေရေးတို့အပြင် နိုင်ငံတော်အတွင်းရှိ ပြည်သူများသာမက ကမ္ဘာအရပ်ရပ်က ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်လည်ပတ်လေ့ရှိသည့် ဒေသဖြစ်ခြင်းကြောင့် မုံရွာလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဘိုးရင်းလေယာဉ်ကြီးများဆင်းတက်နိုင်

ယခင်က မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ လေကြောင်းဖြင့် ဆက်သွယ်သွားလာရေးတွင် ရန်ကုန်

မုံရွာလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်ဆင့်တိုးချဲ့မှု

ပြီးစီးမှု	အလျား	အကျယ်	လမ်းအဆင့်	လေယာဉ်အမျိုးအစား
မူလ	ပေ ၅၀၀၀	ပေ ၁၀၀	ကျောက်ရောမြေမာလေယာဉ်ပြေးလမ်း	-
ပထမအဆင့်	ပေ ၆၀၀၀	ပေ ၁၀၀	ကျောက်ကတ္တရာခင်းလေယာဉ်ပြေးလမ်း	ဖော်ကာ F- 28 ဆင်းတက်နိုင်
ဒုတိယအဆင့်	ပေ ၈၅၀၀	ပေ ၁၀၀	၂၄ လက်မထုရှိနိုင်လွှန်ကတ္တရာလမ်း	ဘိုးရင်း ၇၃၇-၄၀၀ ဆင်းတက်နိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုသာ ရှိခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည့်အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း အဆင့်မြှင့်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မကွေးလေဆိပ်ကို ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်၊ ဟုမ္မလင်း လေဆိပ်ကို ၂၀၀၃ခုနှစ် ဩဂုတ်လ ၃ရက်၊ ပုသိမ်လေဆိပ်ကို ၂၀၀၄ခုနှစ် မတ်လ ၁၄ရက်တို့တွင် အသီးသီးဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် မုံရွာလေဆိပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ အခြားလေဆိပ်များကိုလည်း ဘိုးရင်း ၇၃၇-၄၀၀ကဲ့သို့သော ခရီးသည်တင် လေယာဉ်ကြီးများဆင်းတက်နိုင်ရေးအတွက် တည်ဆောက်လျက်ရှိကြောင်း။

ယခု တည်ဆောက်ပြီးစီးခဲ့သည့် မုံရွာလေဆိပ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းအပ်နှံချက်အရ ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီလီမိတက်က ၂၀၀၂ခုနှစ် မေလ ၁၀ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပြေးလမ်း အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀နှင့် လမ်းသားထု ၂၄လက်မရှိ နိုင်လွှန်ကတ္တရာခင်း လေယာဉ်ပြေးလမ်းအမျိုးအစားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မုံရွာလေဆိပ် လေယာဉ်ပြေးလမ်းသည် အလေးချိန်ပေါင် ၁၅၀၀၀၀ (တစ်သိန်းငါးသောင်း) ရှိ ဘိုးရင်း ၇၃၇-၄၀၀ အမျိုးအစား ဂျက်လေယာဉ်ကြီးများအထိ ဆင်းတက်နိုင်မည်ဖြစ်၍ ပြည်တွင်း ပြည်ပမှ ယင်းအမျိုးအစားနှင့် အလားတူ လေယာဉ်များပါ ဆင်းတက်နိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် လေယာဉ်ခရီးသည်များ အဆင်ပြေစေရေးအတွက် အလျားပေ ၁၈၀၊ အနံပေ ၆၀ ရှိ တစ်ထပ် သံကူကွန်ကရစ် ခေတ်မီလေဆိပ်အဆောက်အအုံကိုပါ တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ဤလေဆိပ်အဆောက်အအုံတွင် အဝင်ခရီးသည်နှင့် အထွက်ခရီးသည် သီးခြားစွာ သွားလာနိုင်ရန် စီစဉ်ထားရှိပြီး အဝင်ခရီးသည် ၂၅၀ နှင့် အထွက်ခရီးသည် ၂၅၀တို့ တစ်ပြိုင်တည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အဆောက်အအုံ၏ အတွင်းပိုင်းတွင် ခရီးသည်ဆိုက်ရောက်ခန်းမ၊ ခရီးသည်ထွက်ခွာခန်းမ၊အရေးကြီးပုဂ္ဂိုလ်နားနေဆောင်၊ လေကြောင်းလိုင်း ရုံးခန်းများ၊ စားသောက်ခန်းမ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင် စသည်ဖြင့် ပါဝင်ဖွဲ့စည်းတည်ဆောက်ထားကြောင်း။

မုံရွာလေယာဉ်ကွင်းသို့ ဆင်းသက်လာမည့် လေယာဉ်များကို ထိန်းသိမ်းရေးအတွက် အလျား၁၆ ပေ၊ အနံ ၁၆ ပေနှင့် အမြင့်ပေ ၅၀ရှိ သံကူကွန်ကရစ် လေကြောင်း ထိန်းမျှော်စင်အသစ်ကိုပါ ထည့်သွင်း တည်ဆောက်ထားပြီး ဖြစ်ကြောင်း။

ရေရှည်ခိုင်မြဲရေးထိန်းသိမ်း

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ စီးပွားရေး မူဝါဒအရ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်သစ် တည်ဆောက်ရန် နိုင်ငံတော်မှ ရန်ပုံငွေ မြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပြီးစီးခဲ့သည့် မုံရွာလေဆိပ်ကို ကြာရှည်ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်း သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက မိမိတို့ စစ်ကိုင်းတိုင်းသည် ပထဝီအနေအထားအရ အလွန်ကျယ်ပြန့်ပြီး တစ်ချိန်က လမ်းပန်းဆက်သွယ်သွား

စာမျက်နှာ ၁၀ ကော်လံ ၁

22-3 (4).p65 1 3/26/05, 10:52 PM

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်ကိုအမေရိကန်နှင့် အပေါင်းပါတို့ မတရားကျူးကျော် စစ်ဆင်နွှဲသည့် နှစ်ပတ်လည်နေ့ ဗြိတိန်၊ အိန္ဒိယ၊ အီဂျစ်၊ စပိန်နှင့် ဂျပန်နိုင်ငံ မြို့ကြီးများတွင် ဆန့်ကျင်ဆန္ဒပြကြ

လန်ဒန် မတ် ၂၀

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်တိုက်ခိုက်ခဲ့သည့် ပထမဆုံးနှစ်ပတ်လည်နေ့တွင် လန်ဒန်မြို့လယ်ကောင်၌ ဆန္ဒပြသူ ၂၅၀၀၀ခန့် ချီတက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများသည် အီရတ်နိုင်ငံအားကျူးကျော်ထားမှုကို ချက်ချင်းအဆုံးသတ်ရန် ယင်းဆန္ဒပြပွဲ၌ တောင်းဆိုခဲ့ကြသည်ဟုသိရသည်။

"နေရာအနှံ့ ဘုရှ်ကိုဆန့်ကျင်ကြ၊ ဘလဲကိုဆန့်ကျင်ကြ"ဟူ၍ ဆန္ဒပြသူများက ဟစ်ကြွေးခဲ့ကြသည်။ ဆန္ဒပြသူဦးရေ ၂၅၀၀၀ခန့် ရှိမည်ဟု ခန့်မှန်းသည်။

ထို့ပြင်အိန္ဒိယ၊ အီဂျစ်၊ ဟောင်ကောင်၊ စပိန်နှင့်ဂျပန်နိုင်ငံ တို့တွင်လည်း အီရတ်နိုင်ငံအား ကန်နှင့်ဗြိတိသျှတို့ ကျူးကျော်တိုက်ခိုက်ခဲ့သည့် ပထမဆုံးနှစ်ပတ်လည်နေ့တွင် အီရတ်နိုင်ငံအား ကျူးကျော် တိုက်ခိုက်ခြင်းကို ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်။

အိန္ဒိယ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လူရာပေါင်းများစွာသည် ငြိမ်းချမ်းစွာချီတက်ပြီး အီရတ်နိုင်ငံမှနေ၍ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များ လုံးဝရုပ်သိမ်းပေးရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကိုလည်း ဟစ်ကြွေးခဲ့ကြသည်။

အီဂျစ်

ထို့အတူ အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သည့် တစ်နှစ်ပြည့်နှစ်ပတ်လည်နေ့တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့လယ်ကောင်၌ ဆန္ဒပြသူ ၃၀၀၀ ခန့်သည် အီရတ်နိုင်ငံအား ကျူးကျော်ထားခြင်းကို ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ ထိုသို့ဆန္ဒပြရာ၌ အီဂျစ်အမျိုးသမီးများသည် ၎င်းတို့ကို အီရတ်အလံဖြင့်ရစ်ပတ်ကာ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြသည်။

ဟောင်ကောင်

အလားတူ ဟောင်ကောင်၌ အီရတ်စစ်ကို ဆန့်ကျင်ဆန္ဒပြကြရာ အီရတ်၌ အမေရိကန်နှင့် အပေါင်းပါတပ်များ ဆက်ရှိနေမှုကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။

ဂျပန်

ထို့အတူ အီရတ်ကို အမေရိကန်နှင့် ဗြိတိသျှတို့ ကျူးကျော်တိုက်ခိုက်ခဲ့သည့်စစ်ပွဲ တစ်နှစ်မြောက်နေ့တွင် ဂျပန်ကန့်ကွက်ဆန္ဒပြသူများသည် တိုကျိုမြို့လမ်းများပေါ်တွင် မိုးရွာနေသည့်ကြားက စစ်ဆန့်ကျင်ရေးစာတန်းများ ကိုင်ဆောင်ကာ အီရတ်စစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ အီရတ်မှ ဂျပန်အပါအဝင် အမေရိကန်၊ ဗြိတိန်နှင့် အခြားနိုင်ငံများမှတပ်များ ရုပ်သိမ်းရန် တောင်းဆိုသည်။ **(အင်တာနက်)**

မတ် ၂၀ ရက်က လန်ဒန်မြို့တွင် အီရတ်ကိုကျူးကျော်စစ်ပွဲ ဆင်နွှဲမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စစ်ပွဲဆန့်ကျင်သူများက ဝန်ကြီးချုပ်ဘလဲနှင့် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြပွဲပြုလုပ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မတ် ၂၀ ရက်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အမေရိကန် သံရုံးရှေ့တွင် အီရတ်စစ်ပွဲဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီဂျစ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်မှ ကန်နှင့်အပေါင်းပါတပ်များချက်ချင်းရုပ်သိမ်း ပနားမားနိုင်ငံမှ စစ်ဆန့်ကျင်ရေး အုပ်စုတစ်စုက တောင်းဆို

ပနားမားစီးတီး မတ် ၂၀

အမေရိကန်ပြည်ထောင်စုက အာရပ်နိုင်ငံအတွင်း ဝင်ရောက်သည့် ရည်ရွယ်ချက်သည် ထိုနိုင်ငံ၌ရှိသော ရေနံကို ထိန်းချုပ်လို၍ဖြစ်သည်ဟုဆိုကာ အီရတ်နိုင်ငံတွင်းမှနေ၍ အမေရိကန်နှင့် အပေါင်းပါတပ်များ ချက်ချင်းရုပ်သိမ်းပေးရန် ပနားမားနိုင်ငံမှ စစ်ဆန့်ကျင်ရေး အုပ်စုတစ်စုက တောင်းဆိုလိုက်သည်။

ယခုထိ အီရတ်၌ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များရှိကြောင်းကို သက်သေမပြနိုင်သည့်ပြင် စစ်ပွဲဆင်နွှဲရသည့် သမ္မတဘုရှ်၏ ရည်ရွယ်ချက်သည် ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချရန်အပြင် ၎င်း၏ကိုယ်ပိုင်အကျိုးစီးပွားကိုပေးဆောင်မည့် အစိုးရအဖွဲ့ တင်မြှောက်ရေးနှင့် အီရတ်ရှိရေနံကို ထိန်းချုပ်ရေးအတွက်ဖြစ်ကြောင်း ပနားမားငြိမ်းချမ်းရေးကော်မတီက သောကြာနေ့ကထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် စစ်ပွဲပြီးကြောင်း မေ ၁ ရက်၌ သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်၌ မသေဆုံးသော သီတင်းပတ်ဟူ၍ တစ်ပတ်မျှမရှိကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

မိမိတို့သည် သဘောထား အာဘော်တစ်သန်းအနက်မှ တစ်ခုဖြစ်ကြောင်း အဆိုပါအုပ်စုက ပြောဆိုကာ အမေရိကန်တပ်ဖွဲ့ဝင်များ ချက်ချင်းရုပ်သိမ်းပေးရန် တောင်းဆိုလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

တိုက်ပွဲ၌ရသောဒဏ်ရာဖြင့် မရိန်းတပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် မတ် ၂၁

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် လွန်ခဲ့သည့်နှစ်ရက်က စိန်ပြောင်းကျည်ထိမှန်ပြီး ရရှိခဲ့သောဒဏ်ရာဖြင့် သေဆုံးသွားသည်ဟု အမေရိကန်စစ်ဘက်က သောကြာနေ့၌ ပြောကြားသည်။

သေဆုံး

၎င်းသည် အီရတ်နိုင်ငံ အနောက်ပိုင်းရှိ အယ်လ်အန်ဘာပြည်နယ်၌ ဗုဒ္ဓဟူးနေ့ညနေပိုင်းက ဖြစ်ပွားသော တိုက်ခိုက်မှုတွင် ဒဏ်ရာရပြီးသေဆုံးခဲ့သော ဒုတိယမြောက် မရိန်းတပ်ဖွဲ့ဝင်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ကို ကုလသမဂ္ဂအကူအညီပေးရန် အီရတ်အများစုလိုလားကြောင်း ဘရာဟီမီပြောကြား

ကုလသမဂ္ဂ မတ် ၂၀

ကြားဖြတ်အစိုးရထူထောင်ရေးနှင့် ရွေးချယ်ပွဲများပြင်ဆင်ရေးတွင် ကုလသမဂ္ဂက အီရတ်ကိုအကူအညီပေးရန် အီရတ်လူမျိုးတို့က တစ်ခဲနက်လိုလားကြောင်း ကုလသမဂ္ဂလက်ထောက်အရာရှိ လက်ခ်ဒါဘရာဟီမီက သောကြာနေ့၌ ပြောကြားလိုက်သည်။

အမေရိကန် ဖိအားပေးမှုကြောင့် ကုလသမဂ္ဂကို အီရတ်က ဖိတ်ကြားခြင်းဖြစ်သည်ဆိုသည်မှာ မဟုတ်ကြောင်း ဘရာဟီမီက ငြင်းဆိုသည်။ အသွင်ကူးပြောင်းမှုအတွင်း ကုလသမဂ္ဂ၏ အခန်းကဏ္ဍအပေါ် သံသယရှိသော အီရတ်များ ရှိလင့်ကစား အီရတ်လူမျိုးအများစုသည် ကုလသမဂ္ဂကို အီရတ်သို့ပြန်လာစေလိုကြသည်ဟု ဘရာဟီမီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်ကို ကန်တို့ကျူးကျော်သည့်နှစ်ပတ်လည်နေ့အကြို ကန်နှင့်အပေါင်းပါတို့ ဌာနချုပ်အတွင်း ပေါက်ကွဲသံများတုန်ဟည်း

ဘဂ္ဂဒက် မတ် ၂၀

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်များ ကျူးကျော်တိုက်ခိုက်မှု နှစ်ပတ်လည်နေ့မတိုင်မီ အကြိုရက်ဖြစ်သော သောကြာနေ့တွင် ဘဂ္ဂဒက်မြို့လယ်၌ ပေါက်ကွဲသံများ တုန်ဟည်းသွားကာ အမေရိကန်ဦးဆောင်သော ဌာနချုပ်ရုံးဝင်းအတွင်း သတိပေးဥဩသံများ ဆူညံသွားခဲ့သည်။ စိန်ပြောင်း သို့မဟုတ် ဒုံးကျည်ပစ်သံများ ပေါ်ပေါက်လာပြီးနောက် ပေါက်ကွဲမှုနှစ်ခါထက်မနည်း ဖြစ်ပေါ်ခဲ့သည်။ ပျက်စီးမှုသို့မဟုတ် သေဆုံးမှုသတင်း ချက်ချင်းမသိရသေးကြောင်း အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူက ပြောကြားသည်။

ပစ်မှတ်ဖြစ်

အစိမ်းရောင်ဒေသဟုခေါ်သော အမေရိကန်ဌာနချုပ်ဝင်းသည် ပြောက်ကျားတို့၏ ဒုံးကျည်များနှင့် စိန်ပြောင်းများဖြင့် ထပ်ကာတလဲပစ်ခတ်ခြင်းခံရသော ပစ်မှတ်ဖြစ်ခဲ့သည်။ သောကြာနေ့က တိုက်ခိုက်မှုသည် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က အကြမ်းဖက်မှုနှိမ်နင်းရေးတွင် စုစည်းညီညွတ်မှုရှိကြရန် မိန့်ခွန်းပြောဆိုအပြီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်သည် ဆော်ဒီအာရေဗျသို့မထွက်ခွာမီ သောကြာနေ့အစောပိုင်း၌ အဆိုပါ အမေရိကန်နှင့် အပေါင်းပါဌာနချုပ်ဝင်းအတွင်း၌ နာရီအနည်းငယ်ကြာမျှ ရှိနေခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲတွင် အမေရိကန်နှင့် အပေါင်းပါတို့၏ ရဟတ်ယာဉ်များပစ်ချခံရမှု

ကမ္ဘာ့နိုင်ငံအသီးသီးက ဆန့်ကျင်ကန့်ကွက်နေသည့်ကြားက တစ်ဖက်သတ် စွပ်စွဲချက်များဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက အီရတ်နိုင်ငံကို မတရားကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ စစ်အင်အားအလွန်အကျွံ အသုံးပြုတိုက်ခိုက်ခဲ့မှုကြောင့် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့်ကာကွယ်ရေးကို တာဝန်ယူထားသော အီရတ်တပ်မတော်လည်း ပျက်သုဉ်းခဲ့ရသဖြင့် အီရတ်ပြည်သူတို့အတွက် မှီခိုအားထားစရာ ကင်းမဲ့ခဲ့ရသည်။ ကျူးကျော်တပ်ဖွဲ့များ၏ မတရားဖိနှိပ်မှုများကို အီရတ်တို့ မခံမရပ်နိုင်ဖြစ်ကာ ခုခံတိုက်ခိုက်ခဲ့မှုများကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ စစ်ရဟတ်ယာဉ်များ ပစ်ချခံရမှု မကြာခဏ ပေါ်ပေါက်လျက် ရှိသည်။

ဖေဖော်ဝါရီ ၂၅ ရက်က အီရတ်နိုင်ငံ အနောက် မြောက်ဘက် ဟာဒီသာမြို့တွင် ပျက်ကျသွားခဲ့သော ကီအိုဝါ အမျိုးအစား ရဟတ်ယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒီဇင်ဘာ ၉ ရက်က ဖော်လူဂျာမြို့အနီး ပျက်ကျခဲ့သော အမေရိကန်ထောက်လှမ်းရေး ရဟတ်ယာဉ်တစ်စင်း မီးလောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၈ ရက်က ဖော်လူဂျာမြို့ပြင်တွင် ပျက်စီးနေသော အမေရိကန် ဘလက်ဟော့ခ် ရဟတ်ယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၁၃ ရက်ကဟက်ဘာနီယာမြို့အနီး၌ အီရတ်တို့ပစ်ခတ်ခြင်းခံရသဖြင့် လယ်ကွင်းတစ်ခုအတွင်း ပျက်ကျခဲ့သည့် အမေရိကန် အပါချီ ရဟတ်ယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က ဖော်လူဂျာမြို့အနီးတွင် ပျက်ကျသွားသော ချင်နွတ် ရဟတ်ယာဉ်တစ်စင်း အားရှာဖွေရေး ပြုလုပ်ရန် အမေရိကန် ဘလက်ဟော့ စစ်ရဟတ်ယာဉ်တစ်စင်း ဆင်းသက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အမေရိကန်နှင့်အပေါင်းပါတို့၏ ရဟတ်ယာဉ်များပစ်ချခံရမှုဖြစ်စဉ်များ

ရက်စွဲ	နေရာ	ရဟတ်ယာဉ် အမျိုးအစား	သေဆုံးသူ ဦးရေ	
			အမေရိကန်	ဗြိတိသျှ
၂၀- ၃-၂၀၀၃	ကူဝိတ်နယ်စပ်	ဆီးနိုက်	၄	၈
၂၃- ၃-၂၀၀၃	॥	အပါချီ	-	-
၉- ၅-၂၀၀၃	ဆာမာရာမြို့အနီး	ဘလက်ဟော့ခ်	၃	-
၁၉- ၅-၂၀၀၃	ဟီလာမြို့	ဆီးနိုက်	၄	-
၁၂- ၆-၂၀၀၃	အီရတ်အနောက်ပိုင်း	အပါချီ	-	-
၂၅-၁၀-၂၀၀၃	အီရတ်မြောက်ပိုင်း	ဘလက်ဟော့ခ်	-	-
၂-၁၁-၂၀၀၃	ဖော်လူဂျာမြို့အနီး	ချင်နွတ်	၁၆	-
၇-၁၁-၂၀၀၃	တီကရစ်မြို့အနီး	ဘလက်ဟော့ခ်	၄	-
၁၅-၁၁-၂၀၀၃	မိုဆူးလ်မြို့မြောက်ပိုင်း	ဘလက်ဟော့ခ်	၁၇	-
၉-၁၂-၂၀၀၃	ဖော်လူဂျာမြို့အနီး	ကီအိုဝါ	-	-
၁၀-၁၂-၂၀၀၃	မိုဆူးလ်မြို့အနီး	အပါချီ	-	-
၂- ၁-၂၀၀၄	ဖော်လူဂျာမြို့အနီး	ကီအိုဝါ	၁	-
၈- ၁-၂၀၀၄	ဖော်လူဂျာမြို့အနီး	ဘလက်ဟော့ခ်	၉	-
၁၃-၁-၂၀၀၄	ဟက်ဗာနီယာမြို့အနီး	အပါချီ	-	-
၂၃- ၁-၂၀၀၄	ကာယာရာမြို့အနီး	ကီအိုဝါ	၂	-
၂၅- ၁-၂၀၀၄	မိုဆူးလ်မြို့	ကီအိုဝါ	၂	-
၂၅- ၂-၂၀၀၄	ဟာဒီသာမြို့	ကီအိုဝါ	၂	-
	စုစုပေါင်း	ရဟတ်ယာဉ် ၁၇ စင်း	၆၄	၈

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၆၀)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများဖောက်လုပ်ခဲ့သော အမှတ်(၄)လမ်းမကြီး

၁။	စတင်ဖောက်လုပ်သည့်နေ့	၉-၃-၁၉၉၀
၂။	ပြီးစီးသည့်နေ့	၃၁-၅-၁၉၉၁
၃။	တည်နေရာ	မှော်ဘီ တပ်ကြီးကုန်းရွာ ရန်ကုန်-ပြည်ကားလမ်း
၄။	လမ်းအရှည်	၇ မိုင် ၂ ဖာလုံ
၅။	လမ်းအကျယ်	၄၂ ပေ

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ ဖောက်လုပ်ခဲ့သည့် ရန်ကုန်မြို့အဝင် အမှတ်(၄)လမ်းမကြီးကို ဤသို့ တစ်မျှော် တစ်ခေါ် တွေ့ရစဉ်။ (အပေါ်ပုံ)

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများကို အမှတ်(၄) လမ်းမကြီး ဖောက်လုပ်ရေး လုပ်ငန်းခွင်၌ တွေ့ရစဉ်။ (အောက်ပုံ)

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများနှင့် ပြည်သူတို့ ပူးပေါင်း၍ ရန်ကုန်မြို့အဝင် အမှတ်(၂) လမ်းမကြီးကို ဤသို့ ဖောက်လုပ်ခဲ့ကြသည်။ (အပေါ်ပုံ)

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများနှင့် ပြည်သူတို့ပူးပေါင်း ဖောက်လုပ်ခဲ့သည့် ရန်ကုန်မြို့အဝင် အမှတ်(၂) လမ်းမကြီးကိုတွေ့ရစဉ်။ (အောက်ပုံ)

ပြည်သူတို့နှင့် လက်တွဲ ဆောင်ရွက် နေသည့် တပ်မတော်

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၈
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၉၀၆
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၉

၁၀ ဘီးကားကြီးများက ဥဒဟို သွား နေသည်။

ဤသို့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေခဲ့သည်မှာ တပ်မတော်နှင့် ပြည်သူတို့၏ ပူးပေါင်း ဆောင်ရွက်မှုများကြောင့်ပင်ဖြစ်သည်။

အသစ် ဖြစ်ထွန်းလာသည့် ကားလမ်းမကြီးများတွင် မန္တလေး–မြစ်ကြီးနားကားလမ်း၊ မန္တလေး–ဗန်းမော်ကားလမ်း၊ မြစ်ကြီးနား–ပူတာအို ကားလမ်း၊ ဘားအံ–ဇာသပြင်–မော်လမြိုင်ကားလမ်း၊ တောင်ကြီး–ရှာငံ–ဟံမြင့်မိုရ်ကားလမ်း၊ ပျဉ်းမနား–ပင်လောင်းကားလမ်း၊ စစ်တွေ–အမ်း–မင်းဘူး

၁ရက်နေ့က စတင်ဖောက်လုပ်ခဲ့ပါတယ်။ ယခင်က မုံရွာမှ ကလေးဝသို့သွားလျှင် မဟာမြိုင်တောကို ဖြတ်သန်းသွားလာရတဲ့အတွက် ခရီးမိုင် ၁၆၀ကျော်အောင် သွားရပါတယ်။ မိုးတွင်းကာလမှာ သွားလို့ လာလို့ မရတော့ စက်လှေ၊ မော်တော်တွေနဲ့ ချင်းတွင်းမြစ်ကြောင်း အတိုင်း ခက်ခက်ခဲခဲသွားရပါတယ်။ ယခုအခါ မုံရွာ–ကလေးဝလမ်းသစ် ၁၁၅မိုင် ဖောက်လုပ်နိုင်လို့ ၄၅မိုင် သွားလာရသက်သာတဲ့အပြင် ရာသီ မရွေး သွားလာနိုင်ပါပြီ”ဟု မုံရွာ–ယာကြီး–ကလေးဝ မဟာဗျူဟာ လမ်းဖောက်လုပ်ရေး တာဝန်ခံဗိုလ်မှူးအောင်မြင့်က ပြောပြခဲ့သည်။

နိုင်ငံအတွင်း လူအများစု နေထိုင်ရာ ဒေသများသည် ကျေးလက်ဒေသများဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ချမှတ်ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း လက်တွဲပြီး အကောင်အထည်ဖော်လျက်ရှိသည်။

သွားလာရေးခက်ခဲသည့် ဒေသများ သွားလာရေး လွယ်ကူစေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ ချင်း ပြည်နယ် (မြောက်ပိုင်း)၏**

ခိုလမ်–ကျိုင်းတောင်းလမ်း
ခဲ့ရသည်။

သွားလမ်းသာ၍ လာလမ်းဖြောင့်သည့်
တပ်မတော်နှင့်ပြည်သူတို့ဖောက်သောလမ်းများ

“လမ်းတံတား၊ ဆည်တာံမ်တွေအပါအဝင် ကဏ္ဍပေါင်းစုံက စီးပွားရေးနဲ့ လူမှုရေးအခြေခံအဆောက်အအုံတွေကို ဒေသတိုင်းမှာ လက်ညီးထိုးမလွဲအောင် တည်ဆောက်ပေးနေတာဟာ ပစ္စုပ္ပန်အတွက် သာမကဘဲ နောင်လာမယ့် မျိုးဆက်သစ်တွေ အတွက်ပါ မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်။”

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန် မိန့်ကြားချက်ပင်ဖြစ်သည်။ နိုင်ငံတော် အစိုးရက နိုင်ငံတစ်ဝန်း လမ်းမကြီးများကို တည်ဆောက်ပေးခဲ့ရာ **ယခုအခါ လမ်းသစ် ၅၅ လမ်း၊ လမ်းမိုင်ပေါင်း ၂၀၀၀ ကျော် အသစ် တိုးချဲ့ဖြစ်ထွန်းလာပြီဖြစ်သည်။**

ထိုသို့ လမ်းမကြီးများတည်ဆောက်ပေးနိုင်ခြင်းသည် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေသည်သာမက တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမို ခိုင်မြဲစေပေသည်။ ယခင်က ဒေသတစ်ခုနှင့်တစ်ခု သွားလာရန် ခက်ခဲသဖြင့် ချစ်ကြည်ရင်းနှီးမှု အလှမ်းဝေးခဲ့ရသည်။ ယခုတော့ တောင်ပေါ်မြေပြန့်ခရီးဆန့်နိုင်ခဲ့ပြီ။ တိုင်းရင်းသားပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာခဲ့သည်။

ပြည်ထောင်စုလမ်းမကြီးများမှတစ်ဆင့် ခရီးရှည်ကြီးများကို စာရေးသူတို့ သွားရောက်ခဲ့ရာတွင် နေရာတိုင်း၊ ဒေသတိုင်း၌ လမ်းသစ်များ၊ တံတားသစ်များ အစီအရီဖြင့် သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့သည်။ ယခင်ကခရီးရှည် တစ်ခုကို ညအိပ်ညဥ့်နေသွားခဲ့ရသော်လည်း ယခုတော့ နေ့ချင်းပေါက် အရောက်သွားနိုင်ခဲ့ ပြီဖြစ်သည်။ ကုန်စည် ကူးသန်း မှုက လွယ်ကူနေပြီ။ တောင်ပေါ်လမ်း ခရီးများတွင်ပင်

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီးလမ်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
အမာခံလမ်း (မိုင်)	၃၆၃၂၈	၃၁၈၃
မြေလမ်း (မိုင်)	၂၈၉၅	၃၃၃၅
နယ်စပ်ဒေသလမ်း (မိုင်)	–	၄၅၅၃

ကားလမ်း၊ ကော့သောင်း–ဘုတ်ပြင်း–ထားဝယ်–မော်လ မြိုင်ကားလမ်း၊ တောင်ကုတ်–မအီ–ကျောက်ဖြူကားလမ်း၊ မုံရွာ–ခန္တီးကားလမ်း၊ မင်းဘူး–ဆိပ်ဖြူ–ပခုက္ကူ–မုံရွာကားလမ်း၊ မင်းလှ–သရက်– ပြည်ကားလမ်း၊ မုံရွာ–ကလေးဝကားလမ်း၊ ပျဉ်းမနား– တောင်တွင်းကြီး ကားလမ်း၊ ပျော်ဘွယ်–နတ်မောက်–မကွေးကားလမ်းနှင့် တောင်ငူ–ပြည်ကားလမ်းများ ပါဝင်သည်။

မောင်မောင်ကျော်

နိုင်ငံတစ်ဝန်း ထိုမျှများပြားသောလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ဖောက်လုပ်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကလည်း ဖောက်လုပ်ခဲ့သည်။ ထိုမျှသာမကသေး ဒေသအနှံ့အပြား အကြားအလပ်မရှိ လမ်းသစ်များပေါ်ထွက်စေရန် တပ်မတော်ကလည်း တစ်ဖက်တစ်လမ်းက ဖောက်လုပ်ပေးခဲ့သည်။

တပ်မတော်က ဖောက်လုပ်ခဲ့သည့် လမ်းများအနက် မုံရွာ–ယာကြီး–ကလေးဝမဟာဗျူဟာလမ်းနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းရှိ ကျိုင်းတောင်းဒေသ လမ်းများဖောက်လုပ်ရေး လုပ်ငန်းများမှ လမ်းဖောက်လုပ်ရေးတာဝန်ခံများကို မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

“စစ်ကိုင်းတိုင်းအတွင်း မုံရွာနဲ့ ကလေးဝသို့ဆက်သွယ်တဲ့လမ်းဟာ ၁၁၅မိုင် ရှည်လျားပါတယ်၊ ဒီလမ်းမကြီးကို ၂၀၀၀ပြည့်နှစ် ဇွန်လ

တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဖောက်လုပ်ခဲ့သည့်လမ်းများ

စဉ်	ပြည်နယ်/တိုင်း	မော်တော်ကားလမ်း
၁။	ရန်ကုန်တိုင်း	တိုက်ကြီး–ဖူးကြီး–ဖောင်ကြီးလမ်း ရန်ကုန်–ပဲခူးခြောက်လမ်းသွားလမ်း
၂။	ရှမ်းပြည်နယ်	တာကော်–မိုင်းပျင်း–ကျိုင်းတုံလမ်း ကျိုင်းတုံ–တာချီလိတ်လမ်း၊ ရပ်စောက်–ကျောက်ဂူ–နောင်ချို၊ လားရှိုး–မူဆယ် ခိုလမ်–ကျိုင်းတောင်းလမ်း၊ မိုးနဲ–ကျိုင်းတောင်းလမ်း၊ မိုင်းပန်–ကျိုင်းတောင်းလမ်း
၃။	ဧရာဝတီတိုင်း	ပုသိမ်–သလပ်ချွာ–မော်တင်စွန်း ပုသိမ်–သလပ်ချွာ–ငွေဆောင်လမ်း တာကွေ့–ကဇန်း၊ မအူပင်–ဆားမလောက်
၄။	ကချင်ပြည်နယ်	မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို တနိုင်း–နန်းယွန်း
၅။	ကယားပြည်နယ်	ဖားဆောင်း–ခဲမဖြူ–ထီးထ–စောထ
၆။	ကရင်ပြည်နယ်	ကော့ကျိုက်–ကော့ပရံ–ဇာသပြင် ဘောကလိကြီး–မော်ချီး ဝါးဘိုးတော–ကမမောင်း၊ဖာပွန်–ကမမောင်း
၇။	မကွေးတိုင်း	မကွေး–တောင်တွင်းကြီး၊ ပုသိမ်–မုံရွာ ဂန့်ဂေါ–ရေမျက်နီ၊ သရက်–မင်းတုန်း နတ်ချောင်း–ဂန့်ဂေါ ပခုက္ကူ–ကျွန်းချောင်း–ဆိပ်ဖြူလမ်း ပခုက္ကူ–မင်းရွာ၊ ပခုက္ကူ–မြို့စိုး–ဓါးပြား အောင်လံ–ဆတ်သွား
၈။	စစ်ကိုင်းတိုင်း	ဘုတလင်–ကလေးဝ–တမူး၊ ရေဦး–ခင်ဦး၊ သက္ကယ်ကျင်း–ဖောင်းပြင်–ခန္တီး ကလေး–နတ်ချောင်း၊ ကလေး–ကျီကုန်းလမ်း၊ နတ်ချောင်း–ဂန့်ဂေါ လေးရှီး–ပန်ဆပ်–ဆွမ်ပရာဘွမ် လဟယ်–ယမ်းကျုံးလမ်း လဟယ်–ဆော့လော်–ပုံညိုလမ်း လောင်ငေါင်–အရီးကျိန်လမ်း မော်လိုက်–ပြောင်ဘုတ်–စော်ဘွား–ရေရှင် ပုံညို–စပ်ဖောင်–အရီးကျိန်လမ်း အရီးကျိန်–တန်ပါခွေလမ်း ပုံညို–ကျွန်းဆောင်–အရီးကျိန်လမ်း
၉။	ရခိုင်ပြည်နယ်	ရန်ကုန်–စစ်တွေ
၁၀။	မွန်ပြည်နယ်	သိမ်ဆိပ်၊ သံဖြူဇရပ်–ဘုရားသုံးဆူလမ်း၊ ဝိယော်–လေးကေလမ်း
၁၁။	တနင်္သာရီတိုင်း	တနင်္သာရီ–တောင်ဖရု–မဏ္ဍိုင်လမ်း၊ လေညာ–ဘုတ်ပြင်းလမ်း၊
၁၂။	မန္တလေးတိုင်း	ပုဂံ–ညောင်ဦး–မြင်းခြံလမ်း၊ ပုသိမ်ကြီး–ပြင်ဦးလွင်လမ်း၊
၁၃။	ချင်းပြည်နယ်	တီးတိန်–တွန်းဇံ–ကျီခါးလမ်း၊ ထန်တလန်–လုံလဲကားလမ်း

စစ်တွေ–ရန်ကုန်ကားလမ်းမကြီးဖောက်လုပ်ရေး လုပ်ငန်းခွင်မှ တပ်မတော်သားများ။

တံခါးပေါက်ဖြစ်သည့် ကလေး
ဆက်သွယ်သွားလာမှု လွယ်ကူမြန်
ရေးအတွက် မုံရွာ–ယာကြီး–ကလေး
ဗျူဟာ လမ်း ကြောင်းသစ်ကို ဖောက်
လမ်းညွှန်ခဲ့သည်။ အဆိုပါ လမ်း
တပ်မတော်နှင့်ပြည်သူတို့ပူးပေါင်း ဖော
ခဲ့သဖြင့်ဒေသခံပြည်သူများ အချိန်တို
ကူးသန်းသွားလာ နိုင်ကြပြီ ဖြစ်သည်

ဆက်လက်၍ ရှမ်းပြည်နယ်(
ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေ
သို့ ဆက်သွယ်ဖောက်လုပ်ခဲ့သည့် မဟာ
လမ်းများ ဖောက်လုပ်ရေးစီမံကိန်း
တောင်း)ဒေသတာဝန်ခံ ဗိုလ်မှူးစိုး
စာရေးသူတို့ သတင်းဆောင်းပါး ရေး
အဖွဲ့က သွားရောက် တွေ့ဆုံမေးမြန်း

“ဗိုလ်မှူးခင်ဗျား လမ်းပန်း ဆက်သွ
ခက်ခဲတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)
ဆက်သွယ်ရေးကောင်းမွန်လာအောင်
ဘယ်လမ်းတွေကို ဖောက်ခဲ့ပါသလဲ။”

“ကျွန်တော်တို့ ရှမ်းပြည်နယ် (
လမ်းများ ဖောက်လုပ်ရေးစီမံကိန်းမှာ
မိုးနဲ–ကျိုင်းတောင်းလမ်း(၄၅)မိုင်နဲ့ မိုင်
ဆိုပြီး လမ်းသုံးလမ်း ဖောက်လုပ်ပါတယ်
လမ်းကို ၂–၃–၂၀၀၁ ရက်နေ့၊ မိုးနဲ–
၂–၃–၂၀၀၁ ရက်နေ့နဲ့ မိုင်းပန်–

ခိုလမ်–ကျိုင်းတောင်းလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင်တွင် ယန္တရားကြီးများဖြင့် ကျောက်တောင်များကို ဤသို့ ခက်ခက်ခဲခဲဖောက်လုပ်ခဲ့ရသည်။

မုံရွာ–ယာကြီး–ကလေးဝ ကားလမ်း(၁၁၅)မိုင်ပြမြေပုံ

တံခါးပေါက်ဖြစ်သည့် ကလေး ဒေသနှင့် ဆက်သွယ်သွားလာမှု လွယ်ကူမြန်ဆန်စေရေးအတွက် မုံရွာ–ယာကြီး–ကလေးဝ မဟာဗျူဟာ လမ်း ကြောင်းသစ်ကို ဖောက်လုပ်ရန် လမ်းညွှန်ခဲ့သည်။ အဆိုပါ လမ်းမကြီးကို တပ်မတော်နှင့်ပြည်သူတို့ပူးပေါင်း ဖောက်လုပ်ခဲ့သဖြင့်ဒေသခံပြည်သူများ အချိန်တို အတွင်း ကူးသန်းသွားလာ နိုင်ကြပြီ ဖြစ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသများသို့ ဆက်သွယ်ဖောက်လုပ်ခဲ့သည့် မဟာဗျူဟာလမ်းများ ဖောက်လုပ်ရေးစီမံကိန်း (ကျိုင်းတောင်း)ဒေသတာဝန်ခံ ဗိုလ်မှူးစိုးညွှန့်ကို စာရေးသူတို့ သတင်းဆောင်းပါး ရေးသားရေးအဖွဲ့က သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

“ဗိုလ်မှူးခင်ဗျား လမ်းပန်း ဆက်သွယ်ရေး ခက်ခဲတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာရှိတဲ့ ဒေသတွေမှာ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်လာအောင် ဗိုလ်မှူးတို့ တပ်မတော်သားတွေ ဘယ်လမ်းတွေကို ဖောက်ခဲ့ပါသလဲ။”

“ကျွန်တော်တို့ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်းဒေသ လမ်းများ ဖောက်လုပ်ရေးစီမံကိန်းမှာ ခိုလမ်–ကျိုင်းတောင်းလမ်း၄၁မိုင်၊ မိုးနဲ–ကျိုင်းတောင်းလမ်း(၄၅)မိုင်နဲ့ မိုင်းပန်–ကျိုင်း တောင်းလမ်း ၄၆မိုင် ဆိုပြီး လမ်းသုံးလမ်း ဖောက်လုပ်ပါတယ်။ ခိုလမ်–ကျိုင်းတောင်း မြေသားလမ်းကို ၂–၃–၂၀၀၁ ရက်နေ့၊ မိုးနဲ–ကျိုင်းတောင်း မြေသားလမ်းကို ၂–၃–၂၀၀၁ ရက်နေ့နဲ့ မိုင်းပန်–ကျိုင်းတောင်း မြေသားလမ်းကို ၁၃–၁၂–၂၀၀၁ ရက်နေ့တွေမှာ စတင် ဖောက်လုပ်ခဲ့ပါတယ်”ဟု ပြောကြားခဲ့သည်။ ဆက်လက်၍–

“ဗိုလ်မှူးတို့ တပ်မတော်သားတွေ ဒီဒေသက လမ်းတွေကို ဘယ်လို အခက်အခဲတွေကို ကျော်လွှားပြီး ဖောက်လုပ်ခဲ့ရသလဲ ဆိုတာကို သိပါရစေ။”

“ဒီဒေသဟာ နဂိုက လူသူအရောက် နည်းတဲ့ တောတောင် လျှိုမြောင်ပေါများတဲ့ ဒေသတွေပါ။ တောရိုင်းတွေကို ဦးစွာရှင်းလင်းခဲ့ပါတယ်။ ဒီလိုရှင်းလင်းနိုင်ဖို့အတွက် အခက်အခဲတွေ အများကြီး ကြုံတွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တပ်မတော်သားတွေဟာ တိုင်းရင်းသား ပြည်သူတွေ အတွက် အသက်ကိုပင် ပေးထားကြသူ တွေဖြစ်လေတော့ ဒီအခက်အခဲတွေကို မမှုခဲ့ပါဘူး။ ဒေသခံ တိုင်းရင်းသားတွေရဲ့ အကူအညီကိုလည်း အများကြီး ရခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ခဲ့တဲ့ လုပ်ငန်းတွေကတော့ လမ်းဟောင်းပြင်တာ မဟုတ်ဘဲ လမ်းသစ် ဖောက်တဲ့ လုပ်ငန်းတွေပါ”

ထိုစဉ် စာရေးသူသည် လမ်းဖောက်ရေး တာဝန်ခံ ဗိုလ်မှူးစိုးညွှန့်ကို သတိထားကြည့်လိုက်မိရာက–

“ဗိုလ်မှူးရဲ့ ခြေထောက်ကဘာဖြစ်တာလဲ၊ တိုက်ပွဲမှာ ဒဏ်ရာရတာလား”

“မဟုတ်ပါဘူး၊ လမ်းဖောက်စဉ်မှာပဲ ရခဲ့တာပါ။ ကျွန်တော်ခုနက ပြောခဲ့ပြီးတဲ့အတိုင်း ကျွန်တော်တို့ ဖောက်လုပ်ရတဲ့ လမ်းတွေဟာ တောတွေခုတ်၊ လျှိုတွေကိုရှင်း၊ ပြီးတော့ ချောက်ကမ်းပါးတွေကို ကွေ့ပတ်ပြီး ခက်ခက်ခဲခဲ ဖောက်လုပ်ရတဲ့ လမ်းတွေပါ၊ အဲ့ဒီမှာ မမျှော်လင့်ဘဲ ချောက်ကမ်းပါးထဲကို ကျွန်တော်တို့စီးတဲ့ကား ကျလုနီး အခြေအနေမှာ ချောက်ထဲအကျ မခံပဲ ကျောက်နံရံနဲ့တိုက်လိုက်လို့ ကျွန်တော့် ခြေထောက်ကျိုးခဲ့ပါတယ်။” ဟု ပြောကြားသည်။

တပ်မတော်သားများသည် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအကျိုးကို သယ်ပိုးရာတွင် အသက်သွေး ချွေးနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ပေးလှူရခြင်းအတွက်လည်း ဂုဏ်ယူကြစမြဲဖြစ်သည်။ ယခုအခါ ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်း အပါအဝင် ပြည်နယ်တစ်ခုလုံး

(၆၀)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

မုံရွာ–ကလေးဝ လမ်းပေါ်ရှိ လမ်းတည်ဆောက်ရေးလုပ်ငန်းခွင်မှ တပ်မတော်သားများ။

ပြည်သူနှင့်တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပိုမိုတိုးတက် ကောင်းမွန်သော အဆင့်မီလမ်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။ လမ်းဖောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ ယိုယွင်းနေသောလမ်းများ ကောင်းမွန်အောင်၊ အသစ်တိုးချဲ့ဖောက်လုပ်သောလမ်းများ ပိုမိုထိရောက် မြန်ဆန် အောင် တပ်မတော်နှင့်အတူ တိုင်းရင်းသား ပြည်သူများကလည်း လက်တွဲဆောင်ရွက် နေကြပြီဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသများ ဆက်သွယ်သည့်လမ်းများ သည် မဟာဗျူဟာ ကျသည့် လမ်းများဖြစ်သည်။ ထိုမျှသာမကသေး ကျိုင်းတောင်းဒေသတွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကြီးကို နိုင်ငံတော်က အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထိုမဟာဗျူဟာကျသည့် လမ်းများသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် ပိုမိုအရေးပါသည့် လမ်းများဖြစ်လာပေသည်။

ထို့အပြင် ပြည်မဒေသများမှ သံလွင်(အရှေ့ပိုင်း) ကျိုင်းတုံဒေသများသို့ ရာသီမရွေးသွားလာနိုင်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုသာမက အပြန်အလှန်စီးပွားကူးသန်းသွားလာမှုနှင့် ရောင်းဝယ်ဖောက်ကားမှုတို့ပါ တိုးတက်ထွန်းကားနေပြီဖြစ်သည်။

တပ်မတော်သားများသည် ပြည်သူကြားကပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်သားများဖြစ်သည်နှင့်အညီ စစ်တိုက်ရန်နှင့် လေ့ကျင့်ရန်မရှိသောအချိန်များတွင် မိဘပြည်သူကိုအလုပ်အကျွေးပြုလျက်ရှိသည်။ ရောက်လေရာ ဒေသကို မိမိဇာတိ ရပ်ရွာကဲ့သို့ သဘောထားပြီး ပြည်သူ့အကျိုးပြု နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

ဤသို့လျှင် တပ်မတော်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် နေမအားညမနား လမ်းများ၊ တံတားများကို တည်ဆောက်ဖောက်လုပ်ပေးခဲ့သည်။ တိုင်းရင်းသားပြည်သူများအတွက် ၎င်းတို့ကိုယ်ကျိုးကို စွန့်လွှတ်ကြသည်။ အပင်ပန်းအဆင်းရဲခံကြသည်။ စွန့်လွှတ်စွန့်စားကြသည်။ အခက်အခဲမှန်သမျှကို ကျော်လွှားကြသည်။ အကြောင်းမူပြည်သူများသည် တပ်မတော်သားတို့၏ မိဘများဖြစ်ကြသောကြောင့် ဖြစ်သည်။ တပ်မတော် သားများသည် မိဘပြည်သူတို့၏ သားကောင်းရတနာများဖြစ်သည်နှင့်အညီ မိဘပြည်သူတို့အတွက် ထာဝစဉ် အလုပ်အကျွေးပြုလျက်ရှိကြသည်။

ယခုအခါ မိဘပြည်သူတို့အတွက် ဖောက်သောလမ်းများသည် နိုင်ငံနှင့်အဝန်း တိုးတက်ဖြစ်ထွန်း၍ လာခဲ့ပြီ။ မိဘပြည်သူတို့သည်ကား သွားလမ်းသာ၍ လာလမ်းဖြောင့်သော လမ်းမကြီးများပေါ်တွင် ဆက်သွယ်ကူးယှက် စီးပွားတက်ခဲ့ကြပြီဖြစ်ပါသည်။ ။

လမ်းမကြီးများတည်ဆောက်ပေးနိုင်ခြင်းသည် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေသည်သာမက တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမို ခိုင်မြဲစေပေသည်။ ယခင်က ဒေသတစ်ခုနှင့်တစ်ခု သွားလာရန် ခက်ခဲ သဖြင့် ချစ်ကြည်ရင်းနှီးမှု အလှမ်းဝေးခဲ့ရသည်။ ယခုတော့ တောင်ပေါ် မြေပြန့်ခရီးဆန့်နိုင်ခဲ့ပြီ။ တိုင်းရင်းသားပြည်သူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ် ဖွင့်ပွဲအခမ်းအနားတွင် ရွှေသံလွင်ဟိုက်ဝေး ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

သားငါးပွဲ့ဖြိုး ပြည်အကျိုး

ရတနာဉာဏ်ရောင်ရိပ်သာ သင်္ကြန်(၁၀)ရက်တရားစခန်း

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဉာဏ်ရောင်ရိပ်သာ ကျောင်း၌ ဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသ (ကမ္မဋ္ဌာနာစရိယ)က ကြီးမှူးကာ သင်္ကြန်တွင်း (၁၀)ရက် အထူးတရားစခန်းပွဲကို ဧပြီ၈ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ၇ရက်အရောက် လာရောက်ကြရန်နှင့် ဆွမ်းနှင့်အချိုပွဲများ လှူဒါန်းလိုသူများသည် ရိပ်သာဖုန်း-၅၄၃၃၅၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပုသိမ်အသင်း(ရန်ကုန်)မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော ပုသိမ်ခရိုင်မှ ဆရာတော်ကြီးခုနစ်ပါး၊ သီလရှင်ဆရာကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ်၂၁ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း ရေဝတီတိုင်းဓမ္မာရုံ၌ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ပုသိမ်မြို့ ဓမ္မဇေဝန်ကျောင်းတိုက် ပဓာနနာယကဖြစ်သော ဆရာတော် ဘဒ္ဒန္တ နာဂဝံသထံ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းလွင်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စာမျက်နှာ ၄ မှ

လာရေး အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ သွားလာရေးခက်ခဲမှုများကြောင့် ၁၉၈၈ခုနှစ်မတိုင်မီက စီးပွားရေး ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရသကဲ့သို့ ပညာရေးနှင့် ကျန်းမာရေးအပိုင်းတွင်လည်း တိုးတက်မှု အားနည်းခဲ့ရကြောင်း။

ဘက်စုံဖွံ့ဖြိုးတိုးတက်

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ကွက်လပ်မကျန်အောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသကဲ့သို့ မိမိတို့ စစ်ကိုင်းတိုင်းအတွင်းတွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ယခင်က စစ်ကိုင်းတိုင်းတွင် ခန္တီးနှင့် ကလေးလေယာဉ်ကွင်း နှစ်ခုသာ အသုံးပြုနိုင်ခဲ့ရာမှ ယခုဆိုလျှင် ဟုမ္မလင်းနှင့် မုံရွာလေယာဉ်ကွင်းများကို တိုးချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ခန္တီးနှင့်ကလေး လေယာဉ်ကွင်းများကိုလည်း ခေတ်မီ ဂျက်လေယာဉ်များ ဆင်းတက်နိုင်သည်အထိ တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ လေဆိပ် အဆောက်အအုံများကိုလည်း အဆင့်မြှင့်နိုင်ခဲ့ခြင်းကို ဂုဏ်ယူဝမ်းမြောက်စရာ တွေ့ရှိရမည် ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းသည် အထက်မြန်မာနိုင်ငံ၏ စပါးကျီဖြစ်အောင် ကြိုးစားဆောင်ရွက်နေသည်နှင့်အညီ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နိုင်ငံတော်အစိုးရပိုင်းက အထောက်အကူ ပြုပေးလျက်ရှိကြောင်း။

ယခင်က စိုက်ပျိုးမြေ ဧက ၂၉၀၉၆၂ သာရှိခဲ့ရာမှ ယခုဆိုလျှင် စိုက်ဧက ၃၉၃၀၅၁၈ ဧကအထိ တိုးတက်စိုက်နိုင်ခဲ့ကြောင်း၊ စပါးသီးနှံ စိုက်ဧက အနေဖြင့် စုစုပေါင်း ၁၇၇၁၆၆၇ ဧကကို လျာထားစိုက်ပျိုးနိုင်ခဲ့ပြီး စပါးအထွက် တင်းပေါင်း ၁၁၇ သန်းအထိ ထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အဓိကသီးနှံ၁၀မျိုးအောင်မြင်

ထို့အပြင် စစ်ကိုင်းတိုင်းသည်ဆီထွက်သီးနှံစုစုပေါင်းဧက ၁၇၁၃၆၄၅ စိုက်ပျိုးနိုင်ပြီး၊ ဆီဖူလုံပို့လျှံသည့်တိုင်းဖြစ်၍ နိုင်ငံတော်၏ ဆီအိုးကြီးလည်း ဖြစ်သကဲ့သို့ အဓိကသီးနှံ ၁၀ မျိုးကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနေသော တိုင်းတစ်တိုင်းလည်း ဖြစ်ကြောင်း။

စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းသည့်အတွက်ကြောင့် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍတွင်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

စစ်ကိုင်းတိုင်း၏ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စသည့်လုပ်ငန်းအရပ်ရပ်အားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူအားလုံးက ပူးပေါင်း လက်တွဲပြီး အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဖွံ့ဖြိုးတိုးတက်စေရန် မုံရွာလေဆိပ်အဆင့်မြှင့်တည်ဆောက်ပေးခြင်းအတွက်လည်း နိုင်ငံတော်အား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်ဝမ်းမြောက်

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား မုံရွာမြို့မှ ဒေါက်တာဝင်းမြင့်အောင်က မုံရွာလေဆိပ် ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မုံရွာလေဆိပ်ကိုတာဝန်ယူတည်ဆောက်ခဲ့သည့် ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာ၌ နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေနှင့် ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က မုံရွာလေဆိပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် မုံရွာလေဆိပ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မုံရွာလေဆိပ် ကမ္ပည်းမော်ကွန်းကို နံ့သာရည်များ ဖြင့်ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲမုခ်ဦးရှေ့တွင် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုလိုလဲ့နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲအောင်မြင်စွာကျင်းပပြီးစီး ယူရိုငွေ ၁၈ ဒသမ ၅ သန်းကျော်ဖိုးရောင်းချရ

ရန်ကုန် မတ် ၂၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် ပုလဲအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ဆဋ္ဌမနေ့အဖြစ် ယနေ့နံနက် ၉နာရီမှစ၍ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ မွန်းလွဲ၁နာရီခွဲအထိ ပုလဲအတွဲပေါင်း ၄၅ တွဲကို တန်ဖိုးယူရိုငွေ ၂၃၂၁၂၇ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။

၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို ၂၀၀၄ ခုနှစ်မတ် ၁၆ ရက်မှ ၂၁ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ရောင်းချခဲ့ရာ ယနေ့မွန်းလွဲ ၁နာရီခွဲတွင် အောင်မြင်စွာ ပြီးစီးသွားသည်။

ရှေးဦးစွာ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၅၀၃ တွဲကို တန်ဖိုးယူရိုငွေ ၁၀၄၇၃၄၃၄ ဖြင့်လည်းကောင်း၊ မတ် ၁၉ ရက်မှ ၂၀ ရက်အထိ ကျောက်မျက်အတွဲ၅၀ကို တန်ဖိုးယူရိုငွေ ၇၇၆၉၈၅၈ ဖြင့်လည်းကောင်း၊ မတ် ၂၁ ရက်တွင် ပုလဲအတွဲ ၄၅တွဲကို တန်ဖိုးယူရိုငွေ ၂၃၂၁၂၇ ဖြင့်လည်းကောင်း ပြည်တွင်းပြည်ပ ကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြရာ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲ စုစုပေါင်း ၅၉၈တွဲကိုတန်ဖိုးယူရိုငွေ ၁၈၄၇၅၄၁၉ ဖြင့် ရောင်းချနိုင်ခဲ့သည်။

ထို့အပြင် ပုံသေဈေးနှုန်းဖြင့် ရောင်းချရသော ကျောက်စိမ်း၊ ကျောက်မျက်၊ ရုပ်တုရုပ်ထွင်းများနှင့် လက်ဝတ်ရတနာများ တန်ဖိုး ယူရိုငွေ ၂၅၂၉၅အပါအဝင် ရောင်းချရသော ငွေပေါင်းမှာ တန်ဖိုး ယူရိုငွေ ၁၈၅၀၀၇၁၄ ဖြစ်သည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၀နိုင်ငံ၊ ကုမ္ပဏီပေါင်း ၂၅၃ ခုတို့မှ ရတနာကုန်သည် ၆၃၇ ဦး၊ ပြည်တွင်း ကုမ္ပဏီ ၁၈၄ ခုမှ နိုင်ငံသား ရတနာကုန်သည် ၄၆၉ ဦး စုစုပေါင်း ရတနာကုန်သည် ၁၁၀၆ဦး တက်ရောက်ခဲ့ကြပြီး အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်။ **(သတင်းစဉ်)**

စာအုပ်ဈေးပွဲတော် ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၂၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်) အဆောက်အအုံ၌ ဆက်လက်ဖွင့်လှစ်ရောင်းချသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ၅၀၀၀ကျော် လာရောက် လေ့လာဝယ်ယူအားပေးကြရာ ယမန်နေ့က ငွေကျပ်ခြောက်သိန်းခွဲကျော်ဖိုး ရောင်းချရပြီး ယနေ့တွင် ငွေကျပ်ကိုးသိန်းကျော်ဖိုးရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ်၂၈ရက်အထိ ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉နာရီမှ ညနေ၅နာရီအထိ အထူးလျှော့ဈေးနှုန်းဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

☼ **ရှေ့ဖုံးမှ**

ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက် ၆နာရီခွဲတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပမည့် တော်လှန်ရေးပန်းခြံသို့ ရောက်ရှိလာသည်။

တပ်ပါစစ်ရေးပြမှုကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည်အဖွဲ့ဝင်များနှင့်အတူမြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ဆင်ဖြူရှင်စစ်ကြောင်း၊ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့၏(တပ်ပါ) စစ်ရေးပြလေ့ကျင့်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ နံနက်၈နာရီတွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

စစ်ရေးပြစစ်ကြောင်းများ တည်းခိုရာစခန်းများ၌ အဆို၊ အက၊ ဟာသ၊ရုပ်ရှင်များဖြင့်ဖျော်ဖြေတင်ဆက်

ရန်ကုန် မတ် ၂၁

(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီ စင်တင်တေးဂီတအဖွဲ့)၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက အဆို၊အက၊ ဟာသ၊ ရုပ်ရှင်များဖြင့် မတ် ၁၉ ရက် ည ၇ နာရီတွင် ဖျော်ဖြေကြသည်။

ထိုသို့ ဖျော်ဖြေရာတွင် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ စင်တင်တေးဂီတ) အဖွဲ့နှင့်အတူ စတူဒီယို တေးသံရှင်များကလည်းကောင်း၊ ရေဝတီ ရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ အဖွဲ့ငယ်က အဆို၊ အက၊ ဟာသများဖြင့်လည်းကောင်း၊တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲအဖွဲ့ကအဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်းနှင့် ကျန်စစ်သား စစ်ကြောင်းတို့တွင် “ငရဲသား” မြန်မာရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ နှင့် အရာရှိ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၁

ဝန်းသိုမြို့ ခန္တီးသာသနာ့ရိပ်သာ၌ မန်ကျီးကုန်းဆရာတော် ဘဒ္ဒန္တအာစရ (အဂ္ဂမဟာပဏ္ဍိတ)ဦးစီး၍ ကျေးဇူးရှင်ခန္တီးဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ၈ရက်မှ ၁၇ရက်ထိ (၁၀) ရက်တိုင်တိုင် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ရာ ဝန်းသိုမြို့ ခန္တီးသာသနာ့ရိပ်သာသို့လည်းကောင်း၊ ဝန်းသိုမြို့ အောင်မင်းသန်းထီဆိုင်သို့လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

နဝဒေးစစ်ကြောင်းသို့ အလှူငွေနှင့်ငါးများလှူဒါန်း

ရန်ကုန် မတ် ၂၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နဝဒေးစစ်ကြောင်းသို့ ငါးများနှင့် အလှူငွေများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်၁၁နာရီခွဲတွင် စစ်ကြောင်းရုံးတည်ရှိရာ ရေဝတီရေတပ်စခန်းဌာနချုပ်နဝဒေးစစ်ကြောင်းရုံး၌ ကျင်းပရာ နဝဒေးစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော်ထံသို့ ပြည်အောင်ရတနာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးကျော်နိုင်က ငါးပိဿာ ၃၀၀၊ အလှူငွေကျပ်တစ်သိန်းနှင့် ဦးကျော်ယုက အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ စစ်ကြောင်းမှ အရာရှိ၊ စစ်သည်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

သားကောင်းဗာနည်

☆ နိုင်ငံအတွက် ... အသက်ကိုပေး
ကာကွယ်ရေးဟု ... မိဋ္ဌာန်ပြုလျက်
ကျမ်းရွက်ရွတ်စေ ... တာဝန်တွေကို
ကျေပွန်ထမ်းရွက် ... ရည်မှန်းချက်ဖြင့်
ဝင်ရောက်ခဲ့သည် ... တို့စစ်သည် ...။

☆ ချမ်းပူစိုအေး ... သဘာဝဘေးကို
ပြေးတွေ့ရင်ဆိုင် ... ယှဉ်ပြိုင်ဆင်နွှဲ
ခက်ခဲကြမ်းတမ်း ... ခရီးလမ်းလည်း
ဖြတ်သန်းမနေး ... သေဘေးမမှု
ပြည်ကျိုးပြုမည် ... တို့စစ်သည် ...။

☆ လွတ်လပ်ရေးတွက် ... ယုံကြည်ချက်ဖြင့်
ပေါ်ထွက်ဖွဲ့တည် ... တပ်မတော်သည်ကား
စဉ်လာဆယ့်နှစ်ရပ် ... လက်ကိုင်မှတ်လျက်
စိတ်ဓာတ်စည်းကမ်း ... သစ္စာလမ်းမှန်
စွမ်းရည်သုံးရပ် ... စည်းလုံးအပ်သည်
ငါးမည်ရည်ချင်း ... ပြည့်စုံခြင်းဖြင့်
ထွန်းလင်းစေမည် ... တို့စစ်သည် ...။

☆ နိုင်ငံလူမျိုး ... အကျိုးစီးပွား
တိုးကာဖွံ့ဖြိုး ... အားမာန်ကိုး၍
ကြိုးစားကာပင် ... ပါဝင်ထမ်းရွက်
တစ်ဖက်တစ်လမ်း ... မျှော်ကာမှန်းရည်
ခေတ်မီဖွံ့ဖြိုး ... တိုးတက်စေမည်
တို့စစ်သည် ...။ ။

စောအောင်(ကီကျစ်)

မြဝတီရုပ်မြင်သံကြား

၂၂-၃-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ နိုင်ငံတော်သီချင်း
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုမြားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Probability Distributions (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ငြိမ်းချမ်းရေးနှင်းဆီ”** (အပိုင်း-၂) ဇာတ်သိမ်းပိုင်း **ဒါရိုက်တာ-**ပေါက်(ပန်းသာ) **သရုပ်ဆောင်-**မင်းမော်ကွန်း၊ နေထက်လင်း၊ ဘုန်းနိုင်၊ ပန်းဖြူ၊ ထွန်းအိန္ဒြာဗို၊ခင်မိမိခော်
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”** (အပိုင်း-၂၅)

(၅၉) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ရန်ကုန်တိုင်းမှ တက်ရောက်ခွင့်ရ မော်ကွန်းဝင် ပထမဆင့်များ

ရန်ကုန် မတ် ၂၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိကြသော ရန်ကုန်တိုင်းမှ မော်ကွန်းဝင်ပထမဆင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဦးညွန့်မောင် အမှတ် ၂၁ အင်းစိန်လမ်း ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်။ ၂။ ဦးဖေသန်း အမှတ် ၄၈ ဦးကြွယ်ဟိုးလမ်း ကြည့်မြင်တိုင်မြို့နယ်။ ၃။ ဦးဝင်းမောင် အမှတ် ၉၈ စကားဝါပင်လမ်း ကြည့်မြင်တိုင်။ (၄) ဗိုလ်ကြီးတင်မောင်(ငြိမ်း) အမှတ် ၁၄၁ တကောင်းလမ်း (၅)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်။ ၅။ ဦးသန်းမောင် အမှတ် ၁၉၅/၁ မြိုင်တန်သာလမ်း (၁၄/၂)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်။ ၆။ ဦးသာဒင် အမှတ် ၁၈ ၁၃၄ လမ်း မအူကုန်း တာမွေမြို့နယ်။ ၇။ ဦးခင်အေး ၁၂/ဘီ ၁၅၄ လမ်း (က+ဂ)ရပ်ကွက် တာမွေမြို့နယ်။ ၈။ ဦးအောင်သိန်း အမှတ် ၄၄ စည်ပင်လမ်း(၁၉)ရပ်ကွက် ဒဂုံမြို့သစ်တောင်ပိုင်း။ ၉။ ဦးလှမောင် အမှတ် ၃၃၄ ငါးထပ်ကြီးဘုရားလမ်း ငါး/တောင် ရွှေဝါလမ်း ဗဟန်းမြို့နယ်။ ၁၀။ ဗိုလ်ကြီးဗဟိန်း (ငြိမ်း) အမှတ် ၅ ၁၁၈ လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်။ ၁၁။ ဗိုလ်ကြီးမင်းစိုး(ခ)ဦးမြထွန်း (ငြိမ်း) ၂၀/၄၀၄ ပုဂံလမ်း ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ်။ ၁၂။ ဦးတင်မောင် အမှတ် ၂၅၀ သန္တာ ၈ လမ်း (င)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်။ ၁၃။ ဗိုလ်တင်အောင် အမှတ် ၉၀၀ ၁၅ လမ်းနှင့် အောင်မင်္ဂလာထောင့် (၄/မြောက်) ရပ်ကွက် သာကေတမြို့နယ်။ ၁၄။ ဦးသိန်းအောင်(ခ) ဦးရဲသိန်း ၁၅၇၁ ထူပါရုံ ၁၈ လမ်းအရှေ့ (၁)ရပ်ကွက် သာကေတမြို့နယ်။ ၁၅။ ဦးကျော်ညွန့်(ခ)ဗိုလ်ကြီးကျော်ညွန့်(ငြိမ်း) အမှတ် ၈၅၈ ငမိုးရိပ် ၂ လမ်း အပိုင်း(၅) သဃ်္ဃန်းကျွန်းမြို့နယ်။ ၁၆။ ဗိုလ်ကြီးမြတ်ထွန်း(ငြိမ်း) အမှတ် ၅၉ ကမာကြည်လမ်း ၂၉ ရပ်ကွက် လုံးချင်းအိမ်ရာ သုဝဏ္ဏမြို့ သဃ်္ဃန်းကျွန်းမြို့နယ်။ ၁၇။ ဒေါ်တင်ရီ အမှတ် ၃၃၁ အပေါ်ဆုံးထပ်(ဝဲ) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အလုံမြို့နယ်။ ၁၈။ ဦးကိုကိုကြည် အမှတ် ၂၀ စပါယ်လမ်း အလုံမြို့နယ်။

(သတင်းစဉ်)

(၅၉) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ရန်ကုန်တိုင်းမှ တက်ရောက်ခွင့်ရ မော်ကွန်းဝင် ဒုတိယဆင့်များ

ရန်ကုန် မတ် ၂၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိကြသော ရန်ကုန်တိုင်းမှ မော်ကွန်းဝင်ဒုတိယဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဦးလှမြင့် အမှတ် ၃၇၄ ကမ်းနားလမ်း သာမခအနောက်ရပ်ကွက် ကြည့်မြင်တိုင်။ ၂။ ဦးခင်မောင် အမှတ် ၅ စလင်းလမ်း မကျည်းမြောက်/အရှေ့ကြည့်မြင်တိုင်မြို့နယ်။ ၃။ ဦးတင်ဝင်း အမှတ် ၃၃ ဦးကြွယ်ဟိုးလမ်း မကျည်းတန်းတောင် အနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်။ ၄။ ဦးတင်အောင် အမှတ် ၇၄ ရန်ကုန် အင်းစိန်လမ်း ကမာရွတ် စံရိပ်ငြိမ်။ ၅။ ဦးသိန်းတန် ၄၅ ညောင်တုံးလမ်း စမ်းချောင်းမြို့နယ်။ ၆။ ဦးမြင့်အောင် ၁၃/၆၂၀ ဂရုဏာ ၆ လမ်း (၁၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်။ ၇။ ဦးမောင်မောင် အမှတ် ၁၁၂၉ ၁၅လမ်း (၇)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်။ ၈။ ဦးကျော်ဝေ(အရာခံဗိုလ်) (၁၇၅) ၂-၁၄ (၁)ရပ်ကွက် ၁၁ လမ်း မြင်သာ တောင်ဥက္ကလာပမြို့နယ်။ ၉။ ဗိုလ်ကြီးကျော်လှိုင်(ငြိမ်း) တိုက်(အီး) အခန်းအမှတ် ၁၀၁ ယုဇနအိမ်ရာ အောင်မင်္ဂလာလမ်း တာမွေမြို့နယ်။ ၁၀။ ဦးအုံးကြွယ် ၅၄/ရာဇသင်္ကြန်လမ်း လမုတန်းရပ်ကွက် ဒေါပုံမြို့နယ်။ ၁၁။ ဦးကျော်လွင်(အငြိမ်းစား) အမှတ်(၁၂၃/က)ပုန်းညက်လမ်း (၂)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ၁၂။ ဦးစံလင်း ၇၄ ယုဇနလမ်း (၄၁)ရပ်ကွက် မြောက်ဒဂုံ။ ၁၃။ ဦးကံကြီး အမှတ် ၁၂ ပိတောက်လမ်း အမှတ်(၆)ရပ်ကွက် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။ ၁၄။ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း) ၃၇ တက္ကသိုလ်ရိပ်သာလမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ရွှေဂုံတိုင်စာတိုက် ဗဟန်းမြို့နယ်။ ၁၅။ စန်းလှိုင်(ပန်းချီ) အမှတ် ၅၇ ဘိုကလေးဈေးလမ်း (ပ)ထပ် ဗိုလ်တထောင်မြို့နယ်။ ၁၆။ ဦးလှကျော် တိုက် ၆ အခန်း ၂၀ လမ်း ၅၀ (၅)ရပ်ကွက် ဗိုလ်တထောင်မြို့နယ်။ ၁၇။ သခင်မဒေါ်ခင်သိန်း အမှတ် ၁၅ ပထမထပ်(ဝဲဘက်)မဟာဗောဂလမ်း ကျိုက်ဝိုင်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်။ ၁၈။ ဗိုလ်ကြီးချစ်နိုင်(ငြိမ်း) ၁၁၂/စက္ကဝတ် ၅ လမ်း (ဈ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်။ ၁၉။ ဦးလတ်မြင့် အမှတ် ၂၃၈ အခန်း ၃ တိုက် ၄ လုံး(၆)ရပ်ကွက် ရန်ကင်းမြို့နယ်။ ၂၀။ ဦးအောင်ခင် အခန်း ၁၃ တိုက် ၂၈၃ (၂)ရပ်ကွက် ရန်အောင်လမ်း(အရှေ့)ရန်ကင်း။ ၂၁။ ဒေါ်အမာ အမှတ် ၂၇ ပြည်တော်သာလမ်း ဘောက်ထော် ရန်ကင်း။ ၂၂။ မောင်စံ ၂၂၉ ကာယသုခလမ်း (၁၂)ရပ်ကွက် ရန်ကင်းမြို့နယ်။ ၂၃။ ဦးရွှေသင်း(ခ)ဦးဝေဇင် အမှတ်(၆၅၈-က) ငုရွှေဝါလမ်း (၉-၃)ရပ်ကွက် ရွှေပြည်သာမြို့။ ၂၄။ ဦးချစ်ထွေး ၁၇၅၀/က အောင်ဇေယျ ၄ လမ်း (၁၆)ရပ်ကွက် ရွှေပြည်သာမြို့။ ၂၅။ ဦးသာလှ အမှတ် ၁၈၈ စစ်မှုထမ်းဟောင်းရုံး (၆)ရပ်ကွက် ရွှေပြည်သာမြို့။ ၂၆။ ဦးမင်းဟန် အမှတ် ၁၀၇(ခ) (၅/၇)ရပ်ကွက် ကျောက်စိမ်းလမ်း ရွှေပြည်သာမြို့။ ၂၇။ ဦးအောင်ကြွယ် တိုက် ၇ အခန်း ၃၀၃ ခရေ ၁ လမ်း (၅)ရပ်ကွက် မြကန်သာအိမ်ရာ လှိုင်မြို့နယ်။ ၂၈။ ဦးကြည်ဝင်း အမှတ် ၇၉ ၁၃ လမ်း လမ်းမတော်။ ၂၉။ ဦးထွန်းရှိန် ၁၅၇၂(က)(၁၉)ရပ်ကွက် ကျန်စစ်သားလမ်းမကြီး နိဘယ်(လ်)စာပေ လှိုင်သာယာမြို့နယ်။ ၃၀။ ဗိုလ်လှသွင် အမှတ် ၂၁ အောင်သပြေ အရှေ့ ၂ လမ်း (၇)အရှေ့ရပ်ကွက် သာကေတမြို့နယ်။ ၃၁။ ရဲမှူးကြီးဝဏ္ဏကျော်ထင်သိန်းလွန်း (ငြိမ်း) ၁၂၅၈(ခ) နွယ်နီ ၃ လမ်း (၁၀)တောင်ရပ်ကွက် သာကေတ။ ၃၂။ ဒေါ်ခင်ညွန့် အမှတ် ၁၁၂၅ ပတ္တမြား ၂ လမ်း(၇)အနောက်ရပ်ကွက် သာကေတ။ ၃၃။ ဦးအောင်ခင် အမှတ် ၅၃၂ ၄လမ်း ငမိုးရိပ်ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်။ ၃၄။ ဦးဘိုးဆောင်(ခ)ဘအောင် အမှတ် ၃၅ ရေတွင်းချောင်း ဦးဖိုးထွန်းလမ်း တောင်သူကုန်းရပ်ကွက် အင်းစိန်မြို့။ ၃၅။ ဦးအောင်မျိုး(ငြိမ်း) အမှတ် ၅၇/၁၈၇၆ တရုတ်ကုန်းလမ်း တောင်သူကုန်းရပ်ကွက် အင်းစိန်။ ၃၆။ သခင်ဦးဘကြည်(အင်ဂျင်နီယာ မြို့ပြ-ငြိမ်း) ငါးခန်းတွဲ ၄ လမ်း အဆောင် ၃ အခန်းနံပါတ် ၃ စဉ့်ဂူရပ်ကွက် အင်းစိန်မြို့နယ်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မတ် ၁၉ ရက်တွင် ပြင်ဦးလွင်မြို့ ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပသော အခြေခံဆေးတပ်စု သင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားစဉ်။ (မီးသတ်ဦးစီး)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား အခြေခံဆေးတပ်စုသင်တန်းဆင်းပွဲတက်ရောက် မန္တလေးနှင့်ပြင်ဦးလွင်မြို့ရှိ ဌာနဆိုင်ရာလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၁

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသော အခြေခံဆေးတပ်စုသင်တန်း အမှတ်စဉ် (၁/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆေးတပ်စုသင်တန်းမှ နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ ကလေးပြုစုရေးဌာနသို့ သွားရောက်၍ ကလေးများအတွက် စားစရာမုန့်များပေးအပ်ပြီး အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ ဆက်လက် သွားရောက်ရာ ကျောင်းအုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက အမျိုးသမီးကလေးများအတွက် အဝတ်အထည်များပေးအပ်၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း ဖွင့်လှစ်ထားရှိသော သက်သာဆိုင်၊ ကြက်မွေးမြူရေးနှင့် ဝက်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွင်း ကားလမ်းများအား ကတ္တရာလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအတွင်း သဘာဝရေထွက်ပေါက် နေရာများသို့ သွားရောက်ကြည့်ရှုပြီး ရေထွက်ပေါက်များမှ ရေများကို စိုက်ပျိုးရန် ရေလုံလောက်စွာ ရရှိရေးအတွက် အဆင့်ဆင့် ရေသွယ်တန်း ရယူမှုစနစ်နှင့် ရေဂါလန် ၂၀၀၀၀ ဆံ့ကန်တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနပိုင် စိုက်ခင်းအတွင်း နှစ်တို နှစ်ရှည် ရာသီပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ရေရရှိမှုအခြေနေနှင့် အောင်မြင်နေသော ဂျုံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ခရီးသည်များ အဝင်၊အထွက် စိစစ်ဆောင်ရွက်မှုကို စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝံသာနုသတင်းလွှာထုတ်ဝေ

ရန်ကုန် မတ် ၂၁

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ဗိုလ်ချိုကျွန်းမှ သဘာဝအလှ ပုံရိပ်များဖြင့် ဝံသာနုသတင်းလွှာ အတွဲ (၁၃)၊ အမှတ် (၆)ကို ယနေ့ ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)**

ဝံသာနုသတင်းလွှာတွင် တောင်ငူမြို့ သမိုင်းဝင်ကေလဇာတီဘုရားပလ္လင်အောက်မှ ရှေးဟောင်းကြေးဆင်းတုတော်တစ်ဆူနှင့်စေတီငယ်များ တွေ့ရှိ၊ အိမ်သာ၍ ညှော်လာကြသည်၊ တွံတေးတူးမြောင်းအနီးတွင် ရေယာဉ်တစ်စင်းနစ်မြုပ်၊ ဗဟန်းမြို့နယ်မှ ဟိုတယ်တစ်ခုတွင် မင်းမဲ့စရိုက်ဆန်သော ရမ်းကားမှု၊ လှည်းကူးမြို့နယ်မှ တရားမဝင်သစ်များ၊ လူမှောင်ခိုပွဲစားအား အောင်မင်္ဂလာအဝေးပြေးဂိတ်တွင် ဖမ်းမိ၊ မီးသွေးဖိုဟောင်းထဲမှ ရွှေဝါရောင် စပါးကြီးမြွေလေးကောင်၊ အဝိစိတွင်းတူးရာမှ သဘာဝဓာတ်ငွေ့များတွေ့ရှိ စသောပြည်တွင်းသတင်းများနှင့် စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် မီးရထားတွဲများ ဗုံးခွဲခံရ၊ အီရတ်နိုင်ငံမှ အသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ အမေရိကန်တို့၏ ရဟတ်ယာဉ်စီမံကိန်း တစ်ခုဖျက်သိမ်း၊ နိုင်ငံငယ်များမှ လူမှောင်ခို လူကုန်ကူးမှုပြဿနာ၊ ဗီယက်နမ်စစ်ပွဲမှ အမေရိကန်တို့၏ အဆိပ်လက်နက်သုံးစွဲမှုအမွေ၊ တောင်ကိုရီးယားနိုင်ငံမှ ပါတီကိုယ်စားလှယ်အမတ်များ၏ ရန်ပွဲ၊ ယာဉ်စည်းကမ်းဖောက်ဖျက်သော ကမ္ဘာကျော်ဘောလုံးသမားစသည်တို့အပါအဝင် ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁ ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၂၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
  - (၅၂)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ ခုနှစ်)
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် ဓာတုဗေဒအထူးပြု (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၃၀ ၇။ အကပဒေသာ
- ၁၇:၄၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၁၀။ ကျင်းသာရေလှောင်တမံ
- ၁၈:၀၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၁၅ ၁၂။ Discovery
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉:၁၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၃၀ ၁၇။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၀ ၁၈။ (၅၂) နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

"ပြည်သူ့အတွက် တပ်မတော်"
- ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာ တို့ဝန်တာ (ဆက်သွယ်ရေး/နတလ)
- ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
- တောင်တန်းပြာနဲ့ ကျောပိုးအိတ် (တင်တင်မြ)

- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁၃)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် မြောက်ဦးမြို့ ရှေးဟောင်းသုတေသနဆိုင်ရာလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့သို့ရောက်ရှိပြီး ရှေးဦးစွာ လောင်းကြက်တောင်ပေါ်ရှိ လောင်းကြက်တောင်မော်ကျောက်စာအနီးတွင် လေးမြို့ခေတ်(အေဒီ ၈၁၈ မှ ၁၄၃၀ ထိ)အတွင်း ထွန်းကားခဲ့သော လောင်းကြက်မြို့တော်ဟောင်းတည်ဘုရင် ခတ္တသင်မင်းကြီး၏ ကောင်းမှုတော်လောင်းကြက်မြို့တည် နန်းတည်ဘုရားတစ်ဆူဖြစ်သည့် ရွှေကြက်ဖစေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အေဒီ(၁၅၅၃)ခုနှစ်တွင် ဘုရင်မင်းတိက္ခာ တည်ထားခဲ့သော ကိုးသောင်းပုထိုးတော်ကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ညပိုင်းတွင် မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုသုတေသနပြတိုက်အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ကျောက်တော်မြို့နယ်ရှိ မဟာမုနိဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး မြောက်ဘက် အတက်လမ်းအောက်ခြေ၌ တူးဖော်ထားသော ရှေးဟောင်းကျောက်လှေကားကို ပြုပြင်ထိန်းသိမ်းရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မဟာမုနိဘုရားတောင်ဘက်ရှိဓညဝတီ နန်းတော်ကုန်း တူးဖော်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနဦးစီးဌာနခွဲ(မြောက်ဦး)မှ ညွှန်ကြားရေးမှူး ဦးကျော်ဦးလွင်က မြို့ဝင်ပေါက်များနှင့်နန်းတွင်းအဆောက်အအုံ အဆောင်နေရာများ တူးဖော်တွေ့ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် ဝေသာလီမြို့ဟောင်းသို့ ရောက်ရှိရာ မြို့ရိုးဝင်ပေါက် တူးဖော်ထားရှိမှု အခြေအနေများကို စစ်ဆေးကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးသည် မြောက်ဦးမြို့ရှိ အနောက်မြတနန်ဆောင်ဘုရား ရင်ပြင်နှင့် တံတိုင်းကာရံခြင်း ပြီးစီးမှုလုပ်ငန်းကို လည်းကောင်း၊ သျှစ်သောင်းပုထိုးတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး အာနန္ဒစန္ဒြကျောက်စာတိုင်အား ကျောက်စာရုံဖြင့် ထိန်းသိမ်းထားရှိမှုလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ညပိုင်းတွင် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လင်းလွန်း ၁၀၈ ပင် မဟာရွှေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မတ် ၂၁

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သက်တောရကျေးရွာရှိ လင်းလွန်း ၁၀၈ပင် မဟာရွှေစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍သာသနာ့ပါလကအဖွဲ့ ရန်ကုန်နှင့် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်ကျေးရွာရှိ ဂေါပကအဖွဲ့တို့မှ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၁ရက်မှ ၄ရက်အထိ ကျင်းပပြီး ပင့်သံဃာအပါး ၃၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

သက်တန်းအလိုက် ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ရေကူးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄ခုနှစ် သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ မတ် ၂၈ရက်နှင့် ၂၉ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး သက်တန်းအလိုက်ပြိုင်ပွဲနှင့် လူသစ်တန်းပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသော ရေကူးအားကစားသမားများအနေဖြင့် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

သစ်တင်ယန္တရား၊ သစ်သယ်ယာဉ်များလွှဲပြောင်းပေးအပ် သစ်တောရေးရာဝန်ကြီး တက်ရောက်

ရန်ကုန် မတ် ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ ကုန်သွယ်/လယ်ယာဦးစီးဌာနဝင်းအတွင်း ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Forestry Group (CIFG) မှ ပေးအပ်လှူဒါန်းသည့် ယာဉ်/ယန္တရားများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Lei Jiafu တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ CIFG ဥက္ကဋ္ဌ Mr. Zhanghangde နှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း၊ ရွှေလီမြို့တော်ဝန် Mr. Si Lizhang တို့က ယာဉ်/ယန္တရားများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

လွှဲပြောင်း

အစီအစဉ်အရ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် CIFG ဥက္ကဋ္ဌ Mr. Zhanghangde တို့က ယာဉ်/ယန္တရားနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် လွှဲပြောင်းပေးအပ်မည့် ယာဉ်/ယန္တရားများ ထားရှိရာ စုရပ်ကို ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Lei Jiafu၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ CIFG ဥက္ကဋ္ဌ Mr. Zhanghangde တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ယာဉ်/ယန္တရားများကို ကြည့်ရှုစစ်ဆေးကြသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိုင်ငံအကြီးအကဲများ ချစ်ကြည်ရေးခရီးစဉ်များတွင် ချမှတ်ခဲ့သော လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ သစ်တောကဏ္ဍပြဿနာများ နှစ်နိုင်ငံပူးတွဲဖြေရှင်းရေး၊ သစ်တောစက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး၊ တရားမဝင်သစ်ခုတ်လှဲမှုများ ပပျောက်ရေး၊ နည်းပညာပူးပေါင်းဖလှယ်ရေး စသည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယနေ့ အခမ်းအနားတွင် လွှဲပြောင်းပေးအပ်လှူဒါန်းသည့် ယာဉ်/ယန္တရားများမှာ ပထမအသုတ်အဖြစ် သစ်တင်ယန္တရား နှစ်စီး၊ သစ်သယ်ယာဉ်ရှစ်စီး စုစုပေါင်း ၁၀ စီး၊ ဒုတိယအသုတ်အဖြစ် သစ်သယ်ယာဉ် ၁၀ စီး စုစုပေါင်းအစီး ၂၀ကို လွှဲပြောင်းပေးအပ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ခင်းကျင်းပြသမည့် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ဗုဒ္ဓေါမော်ကျောင်းတိုက်ဆရာတော် ဦးဉာဏုတ္တရထံမှ လက်ခံရရှိသော သီရိဝစ္ဆပုံနှင့်ခရုသင်းပုံများ တစ်ဖက်စီပါအရွယ်စုံ ရှေးဟောင်းပျူဒင်္ဂါးငါးပြားပုံ။ (ယဉ်ကျေးမှု)

ရှေးဟောင်းပျူဒင်္ဂါးများ အမျိုးသားပြတိုက်သို့လှူဒါန်း

ရန်ကုန် မတ် ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၉ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိပြီး စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ဗုဒ္ဓေါမော်ကျောင်းတိုက်ဆရာတော် ဦးဉာဏုတ္တရထံမှ အရွယ်စုံရှေးဟောင်းပျူဒင်္ဂါးငါးပြားကိုလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ဆက်ကပ်ခဲ့သည်။ ထို့နောက် ဝန်ကြီးသည် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ အဆိုပါဒင်္ဂါးများသည် တစ်ဖက်တွင် သီရိဝစ္ဆပုံနှင့် အခြားတစ်ဖက်တွင် ခရုသင်းပုံပါရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၌ တွေ့ရှိရသမျှ ပျူဒင်္ဂါးများတွင် ယခုကဲ့သို့ ကျပ်စေ့မှပဲစေ့အထိ အရွယ်စုံဒင်္ဂါးငါးမျိုးကို တစုတစည်းတည်း မရရှိခဲ့။ အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် လက်ရာပစ္စည်းများအား ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနအောက်ရှိ အမျိုးသားပြတိုက်တွင် အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဉ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မသဘင်

ရန်ကုန် မတ် ၂၁

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဉ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာအရှင်ကောဝိဒအရှင်သူမြတ်သည် မတ် ၂၂ ရက် ည ၈ နာရီတွင် သာကေတမြို့နယ်(၁)ရပ်ကွက်ရတနာသီရိဓမ္မာရုံ ဓမ္မသဘင်၌လည်းကောင်း၊ မတ် ၂၄ရက် ည ၇ နာရီတွင် ပဲခူးမြို့ ဈေးကြီး ဆန်လှူအသင်း ဓမ္မသဘင်၌လည်းကောင်း၊ မတ် ၂၅ ရက်၊ ၂၆ ရက် ည ၈ နာရီတွင် သာကေတမြို့နယ်(၇)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဗဟိုဓမ္မာရုံ၌လည်းကောင်း၊ မတ် ၂၇ ရက် ည ၇ နာရီတွင် သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် ဒေါ်မာဂရက်မိသားစုနေအိမ်ဓမ္မသဘင်၌ လည်းကောင်း၊ မတ် ၂၈ ရက် ည ၇ နာရီတွင် တောင်ဒဂုံမြို့နယ် (၅၄)ရပ်ကွက် ခင်မကန်ကျောင်းတိုက် ကလေးအထူးတရားပွဲဓမ္မသဘင်၌ လည်းကောင်း၊ မတ် ၂၉ ရက် ည ၈ နာရီတွင် သာကေတမြို့နယ် (၆)ရပ်ကွက် သီလဝိသုဒ္ဓိဓမ္မာရုံဓမ္မသဘင်၌လည်းကောင်း၊ မတ် ၃၁ရက် ည ၈ နာရီတွင် သာကေတမြို့နယ် (၆)ရပ်ကွက် ရွှေပြည်သာလမ်း ဓမ္မသဘင်၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အင်အားနည်း ငလျင်လှုပ်

ရန်ကုန် မတ် ၂၁

၂၀၀၄ ခုနှစ် မတ်လ ၂၁ ရက် မြန်မာစံတော်ချိန် ၀၂ နာရီ ၁၀မိနစ် ၂၆စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၆၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး၄ဒသမ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မလွန်ဆန်လှူအသင်း ဓမ္မပူဇာသဘင်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် မလွန်ဆန်လှူအသင်းထောက်အဖွဲ့ (၁၁)ကြိမ်မြောက် မလွန်ဆန်လှူအကြိုရေစက်ချဓမ္မပူဇာသဘင်ကို ညစဉ် ၇နာရီတွင် (ထ/၁၆)ရပ်ကွက် မြို့ပါတ်လမ်း မလွန်ဆန်လှူဓမ္မသဘင်ကြီးတွင် မတ် ၂၄ရက်မှ ဧပြီ ၆ရက်အထိ ဦးစန္ဒသူရိယ(အောင်စကြာဆရာတော်)၊ ဦးဝိသုတ(မုံရွာအရှင်)၊ အရှင်အာစာရလင်္ကာရ (နယ်လှည့်ဓမ္မကထိက)၊ ဦးခေမိန္ဒ(စစ်ကိုင်းဆရာတော်)၊ သီတဂူဦးပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ဦးစက္ကိန္ဒ(အင်္ဂပူဆရာတော်)၊ ဉာဏဒီပ ဦးဇဋိလ(မဟာဓမ္မကထိက)နှင့် ဦးနရပတိ(ဖြူးဆရာတော်)တို့က တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

စွန်အလှနှင့်စွန်ဖြတ်ပြိုင်ပွဲ ကျင်းပရေးစည်းဝေး

ရန်ကုန် မတ် ၂၁

၂၀၀၄ခုနှစ် စတုတ္ထအကြိမ်မြောက် စွန်အလှနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ရုံးခန်း၌ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန်တံဆိပ်(ပထမဆင့်) ဒေါ်မိမိခင်နှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွန်ပညာရှင်များ၊ စွန်လုပ်ငန်းရှင်များ၊ စွန်အားကစားသမားများနှင့် ဒိုင်လူကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန်တံဆိပ်(ပထမဆင့်) ဒေါ်မိမိခင်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)** ထို့နောက် တက်ရောက်လာကြသူများက စွန်အလှနှင့်စွန်ဖြတ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်သည်။ စတုတ္ထအကြိမ် စွန်အလှနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲကို ဧပြီ ၂၈ရက်မှ မေ ၂ရက်အထိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အပြင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မီးသုံးခွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

လုမ္ဗိနီဉယျာဉ် ဒုတိယစီမံကိန်း ရေစက်ချပွဲ

ရန်ကုန် မတ် ၂၁

ကရင်ပြည်နယ် ဘားအံမြို့ ဖွဲကပင်တောင် လုမ္ဗိနီဉယျာဉ်၌ ဓမ္မအေးရိပ်သာ တရားကျောင်းများ၊ မဟာဗုဒ္ဓဝင်ပြခန်းများ၊ မဟာဗုဒ္ဓဝင်မုခ်ဦး၊ အောင်ခြင်းရှစ်ပါး အောင်မြေဘုရားများ၊ သံဝေဇနိယ လေးဌာနဘုရားများ၊ ဒေါ်အဲရစ် ရေကန်ကြီး၊ ဘောဇနသာလာနှစ်ထပ် ဆွမ်းစားကျောင်းကြီးနှင့် ကွန်ကရစ်လမ်းမကြီးတို့၏ အလှူကြီးရှစ်မျိုး ရေစက်ချပွဲကို ဧပြီ၄ရက်တွင်လည်းကောင်း၊ ရဟန်းခံရှင်ပြုပွဲကို ဧပြီ၃ရက်တွင် လည်းကောင်း ပြုလုပ်မည်ဖြစ်ရာ ရဟန်းခံမည့်သူများ မတ်၃၁ရက် နောက်ဆုံးထား၍ မဲဘောင်ကျောင်းတိုက် ဖုန်း-၀၅၈-၂၁၁၉၀၊ လုမ္ဗိနီဉယျာဉ် ဖုန်း-၀၅၈-၇၀၂၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းသတင်းထောက်(လစာနှုန်းကျပ် ၅၄၀၀-၁၀၀-၅၉၀၀) ရာထူးနေရာများ၌ ဖြည့်စွက်ခန့်ထားရန် လျှောက်ထားသူများအား ၆-၃-၂၀၀၄ ရက်က နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်တွင် ရေးဖြေစာမေးပွဲ ပြုလုပ်ခဲ့ပါသည်။

ရေးဖြေစာမေးပွဲအောင်မြင်သူများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

အမှတ်စဉ်	ခုံအမှတ်	အမည်	အဖအမည်
၁။	၄	ဦးအောင်နိုင်ဦး	ဦးလှကျော်ထွန်း
၂။	၈	ဦးလင်းလင်းဦး	ဦးညွန့်ဆိုင်
၃။	၁၂	ဦးအောင်ထွန်းဦး	ဦးကျော်ငွေ
၄။	၁၃	ဦးအောင်သိန်းကျော်	ဦးအောင်ကျော်စိန်
၅။	၁၇	ဦးမောင်လင်းထွဋ်	ဦးအောင်စီ
၆။	၁၉	ဦးတင်ကို	ဦးသောင်းရွှင်
၇။	၂၁	ဦးကိုကိုလတ်	ဦးကုလား
၈။	၂၅	ဦးရန်နိုင်ဟိန်း	ဦးကြည်မောင်
၉။	၂၇	ဦးမြင့်ထွေး	ဦးအောင်မြင့်
၁၀။	၂၈	ဦးနိုင်သူလတ်	ဦးညွန့်နိုင်
၁၁။	၄၀	ဦးကျော်မျိုးသန့်	ဦးစံတင်
၁၂။	၄၃	ဦးမျိုးမင်းဦး	ဦးစိန်ငွေး
၁၃။	၆၉	ဦးသိန်းအေး	ဦးဘကန်
၁၄။	၇၁	ဦးမင်းထွဋ်ဦး	ဦးမြင့်အေး
၁၅။	၇၄	ဦးမျိုးမောင်မောင်စိုး	ဦးစိုးသန်း

ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၃၀-၃-၂၀၀၄ရက် နံနက် ၉ နာရီခွဲတွင် အမှတ်၂၁၂၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၌ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ ၂၉-၃-၂၀၀၄ရက် ညနေ ၄:၀၀ နာရီနောက်ဆုံးထား၍ မန်နေဂျာ၊ သတင်းဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖုန်းအမှတ်-၂၉၄၆၂၁သို့ ဆက်သွယ် သတင်းပေးပို့ကြပါရန် အကြောင်းကြားပါသည်။

အရည်အချင်းစစ်ဆေးရေးအဖွဲ့။

မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၂၀၃ နေ
ဦးတင်စိန်(ဉပဒေအကြံပေး၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်လှနွယ်
(ကျောင်းအုပ်ဆရာမကြီး)တို့၏သား

ဗိုလ်ကြီးကျော်သူစိုး B.Sc (D.S.A)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် ၇၅ နေ
ဗိုလ်မှူးချုပ်အောင်သိန်းလင်း(မြို့တော်ဝန်၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ)
ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် တို့၏သမီး

မသီတာမျိုး B.Sc (Zoology)

တို့၏ ၂၁-၃-၂၀၀၄ရက်နေ့ Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဆောင်မွန်များပေးပို့ချီးမြှင့်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းမိသားစု၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၁၉-၃-၂၀၀၄ရက်နေ့ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ Myayeik-nyo Royal Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်အားပေးကြသော မိတ်ဆွေသူငယ်ချင်းများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၃၈)သင်တန်းမှ သူငယ်ချင်းများအားလည်းကောင်း၊ ၁၄-၃-၂၀၀၄ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဒေါက်တာဦးထွန်းရှင်အားလည်းကောင်း၊ မင်္ဂလာပန်းကြံပေးသော ရုပ်ရှင်သရုပ်ဆောင် ရတနာခင်၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မယဉ်ယဉ်နွယ်စိုး၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော အဆိုတော်ကိုအောင်ရင်နှင့် Evening Stars တေးဂီတအဖွဲ့၊ မေတ္တာဖြင့် စိန်ရတနာဆင်မြန်းပေးသော ဦးဝင်းနိုင်-ဒေါ်စန်းစန်း၊ မှတ်တမ်းဓာတ်ပုံ အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ Sedona Hotel, Myayeiknyo Royal Hotel တို့မှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်သူစိုး-မသီတာမျိုး။

(၂၆)ကြိမ်မြောက် ပြည်နယ်/တိုင်းအသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မတ် ၂၁

(၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၊ အသင်းလိုက် အကျောမဲ့ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းအား M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က တံခွန်စိုက်ဆုကြီး ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Isuzu Motors;Ltd. Japan က အဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် (၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ဝုဏကျင်းပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၂၀ရက် နံနက်၈နာရီက ရန်ကုန်မြို့ ဒညင်းကုန်းရှိ ရန်ကုန် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲကို ည၇နာရီတွင်ကျင်းပခဲ့ရာ M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် နှင့် တာဝန်ရှိသူများ၊ M.G.F အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ M.P.G.Aအထွေထွေအတွင်းရေးမှူး ဦးချမ်းဟန် နှင့် အမှုဆောင်များ၊ Isuzu Motors;Ltd. Japanမှ Mr. Iida နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်

စတုတ္ထနေ့ ၁၈ ကျင်း ကစားအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Isuzu Motors;Ltd. Japanမှ ဌာနေကိုယ်စားလှယ် ဦးအေးချိုက Team Captain အကျောပေးပြိုင်ပွဲတွင် Total Nett ၆၉ ချက်ဖြင့် ဒုတိယရရှိသော စစ်ကိုင်းတိုင်းမှ ဦးခင်မောင်ထွန်း၊ Total Nett ၆၅ ချက်ဖြင့် ပထမရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဦးထွန်းအေးတို့အား လည်းကောင်း၊ Mitsugi Corporation (Japan)မှ မန်နေဂျင်းဒါရိုက်တာ Mr. Yama-guchi က တစ်ဦးချင်း အကျောပေးပြိုင်ပွဲတွင် Total Nett ၂၇၅ ချက်ဖြင့် တတိယရရှိသော ရန်ကုန်တိုင်းမှ လှမျိုး၊ Total Nett ၂၇၂ ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းမှ နိုင်နိုင်လင်း၊ Total Nett ၂၇၂ ချက်ဖြင့် ပထမရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကျော်သက်ဝေတို့အားလည်းကောင်း၊ Isuzu Motors;Ltd. Japan မှ General Manager Mr. Iida က တစ်ဦးချင်းအကျောမဲ့ပြိုင်ပွဲတွင် Total Gross ၃၀၂ ချက်ဖြင့် တတိယရရှိသောရန်ကုန်တိုင်းမှ လှမျိုး၊ Total Gross ၃၀၂ ချက်ဖြင့် ဒုတိယရရှိသောရန်ကုန်တိုင်းမှ ဘိုဘိုလေး၊ Total Gross ၂၉၃ ချက်ဖြင့် ပထမရရှိသော ရန်ကုန်တိုင်းမှ နိုင်နိုင်လင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အသင်းလိုက်အကျောပေးပြိုင်ပွဲတွင် Total Nett ၈၃၈ ချက်ဖြင့် ဒုတိယရရှိသော ကယားပြည်နယ်အားလည်းကောင်း၊ အသင်းလိုက် အကျောမဲ့ပြိုင်ပွဲတွင် Total Gross ၉၁၇ ချက်ဖြင့် ဒုတိယရရှိသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)အားလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အသင်းလိုက် အကျောပေးပြိုင်ပွဲတွင် Total Nett ၈၂၅ ချက်ဖြင့် ပထမရရှိသော မွန်ပြည်နယ်နှင့် အသင်းလိုက်အကျောမဲ့ပြိုင်ပွဲတွင် Total Gross ၈၉၇ချက်ဖြင့်ပထမရရှိသော ရန်ကုန်တိုင်းတို့အားလည်းကောင်းဆုများချီးမြှင့်သည်။

ဆက်လက်၍ M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အသင်းလိုက် အကျောမဲ့(Team Scratch)ပြိုင်ပွဲတွင် Total Gross ၈၉၇ ချက်ဖြင့် ထပ်ဆင့်ဗိုလ်စွဲသွားသည့် ရန်ကုန်တိုင်းအသင်းအား အသင်းလိုက်တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်လိုက်သည်။

လှူဒါန်း

ယင်းနောက် Isuzu Motors; Ltd. မှ General Manager Mr. Iidaက မြန်မာနိုင်ငံအိုလံပစ်ကော်မတီသို့ လှူဒါန်းသည့် အမေရိကန် ဒေါ်လာ ၅၀၀ ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်က လက်ခံပြီး မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀ ကို မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က လက်ခံကာ ရန်ကုန်ဂေါက်ကလပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀ ကို ရန်ကုန်ဂေါက်ကလပ်မှ ဘဏ္ဍာရေးမှူး ဦးဦးမောင်က လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း Team Captain စိုင်းကျော်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြိုင်ပွဲဝင် အသင်းများနှင့် ဧည့်သည်တော်များအား Isuzu Motors; Ltd. ဂျပန်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

ကျန်းမာရေးပညာပေး ဟောပြော

ရန်ကုန် မတ် ၂၁

ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲက ကြီးမှူးကျင်းပသော ကျန်းမာရေးပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက ရပ်ကွက်အသင်းခွဲရုံး၌ ကျင်းပရာ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး အသင်းခွဲအတွင်းရေးမှူး ဒေါ်နီလာမြင့်က ကျန်းမာရေးနှင့်စပ်လျဉ်း၍ သိကောင်းစရာများ ဟောပြောကြောင်း သိရသည်။

(က-ပ)

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲများအပေါ် ကြိုတင်ရင်ခုန်ကြည့်ခြင်း

ဟိန်းသန့်

ရန်ကုန် မတ် ၂၁

ဥရောပကလပ်အသင်းများ၏ အမြင့်ဆုံးပြိုင်ပွဲဖြစ်သော ချန်ပီယံလိဂ်ပြိုင်ပွဲကား ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။ ကွာတားဖိုင်နယ် ပထမအကျော့ ပွဲများကို မတ် ၂၃ရက် နှင့် ၂၄ရက်များတွင် ကစားကြမည် ဖြစ်သည်။ ကွာတားဖိုင်နယ်သို့ စပိန်၊ အင်္ဂလန်နှင့် ပြင်သစ်မှ ကလပ်အသင်း နှစ်သင်းစီ၊ အီတလီ၊ ပေါ်တူဂီတို့မှ တစ်သင်းစီ တက်ရောက်လာခဲ့ကြသည်။

ကွာတားဖိုင်နယ်ပွဲများအဖြစ် မတ် ၂၃ရက်၌ အေစီမီလန်နှင့် ဒီပို့တီဗို၊ ပေါ်တိုနှင့် လီယွန်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ပြီး မတ် ၂၄ ရက်၌ ရီးရဲမက်ဒရစ်နှင့် မိုနာကို၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် ကွာတားဖိုင်နယ်ပွဲအားလုံးမှာ သူ့နည်းနှင့်သူ စိတ်ဝင်စားဖွယ် ပွဲများချည်းဖြစ်နေသည်။ လန်ဒန်နှစ်သင်းဖြစ်သော ချယ်လ်ဆီး-အာဆင်နယ်ပွဲကလည်း စိတ်ဝင်စားဖွယ်ကောင်းနေသလို မီလန်နှင့် ဒီပို့တီဗိုတို့၏ ပွဲမှာလည်း ပွဲကျပ်တစ်ပွဲ၊ အကြိတ်အနယ် ကစားကြရမည့် ပွဲတစ်ပွဲဖြစ်မည်မှာ သေချာနေသည်။ ထို့အပြင် ချန်ပီယံလိဂ်၌ ဗိုလ်စွဲရန် ရေပန်းစားနေသည့် ရီးရဲမက်ဒရစ်နှင့် မိုနာကို၊ ပြီးခဲ့သည့်ရာသီက ယူအီးအက်ဖ်အေ ဖလားချန်ပီယံ ပေါ်တူဂီက ပေါ်တိုနှင့် ယခုချန်ပီယံလိဂ် ကွာတားအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် ပြင်သစ်မှ အိုလံပစ်လီယွန်အသင်းတို့၏ ပွဲများမှာလည်း ပရိသတ်ကို ဆွဲဆောင်နိုင်ဦးမည့် ပွဲများဖြစ်နေသည်။ ကွာတားအဆင့် ဖြစ်နေပြီဖြစ်၍ အသင်းတိုင်းအတွက် ပွဲအတွင်း တစ်ချက်မှ အမှားခံ၍မရတော့။ သည်အဆင့်သို့ တက်နိုင်လာပြီဖြစ်၍ အသင်းတိုင်းကို လျှော့တွက်ထား၍ မရတော့။ အမှား တစ်ချက် လုပ်မိပါက ချက်ချင်း အခွင့်ကောင်းယူသွားကြမည့် အသင်းများကြီး ဖြစ်နေရာ ကွာတားပွဲများမှာ အသင်းတိုင်း ပေါ့ဆနေကြလိမ့်မည်မဟုတ်။ ဆီမီးရောက်ရေးအတွက် အသင်းတိုင်း မိနစ် ၉၀ အပြည့် အာရုံစူးစိုက်ပြီး ဖိဖိစီးစီး ကစားကြမည်မှာလည်း သေချာနေသည်။ အထူးသဖြင့် ပထမအကျော့ အိမ်ကွင်း၌ ကစားရမည့်အသင်းများအနေဖြင့် ပို၍ပင် အရေးကြီးကြသည်။ ဒုတိယအကျော့ အဆုံးအဖြတ်ပွဲကို ပြိုင်ဘက်မြေ၌ ပြန်သွားကစားကြရမည် ဖြစ်ရာ ယခုပထမအကျော့၌ အခြေမလှခဲ့ပါက ဆီမီးရောက်ရေး ပိုခက်ခဲသွားနိုင်ကြသည်။ ထို့ကြောင့် ပထမအကျော့အိမ်ကွင်း၌ အခြေလှအောင် ကြိုးစားနိုင်မှသာ တန်ရာကျမည်ဖြစ်သည်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲများအပေါ် ကြိုတင်ရင်ခုန်ကြည့်လိုက်မိပါသည်။

(၂၃-၃-၂၀၀၅)

ပေါ်တို- အိုလံပစ်လီယွန်

နှစ်သင်းစလုံး ခြေအကွာကြီးမဟုတ်ကြ။ ပေါ်တိုမှာ ဒုတိယအဆင့်၌ မန်ယူလိုအသင်းကြီးမျိုးကို ကျော်ဖြတ်နိုင်ခဲ့သဖြင့် စိတ်ဓာတ်အင်အား ကောင်းနေနိုင်သည်။ အသင်းမှာလည်း ခြေငြိမ်နေသည့်အပြင် ကစားပုံကလည်း ပြိုင်ဘက်ကိုလိုက်ပြီး ဗျူဟာအမျိုးမျိုးပြောင်းတတ်သည်။ ကွင်းလယ် မာကျောပြီး ရှေ့မှာလည်း ဂိုးသွင်းနိုင်မည့်သူများပါနေရာ ပေါ်တို၏ ခြေစွမ်းမှာ အားရစရာ အခြေအနေမှာရှိသည်။ ထို့အပြင် သည်ရာသီ၌ မီလန်(စူပါဖလားလုပွဲ)၊ ရီးရဲမက်ဒရစ်၊ မန်ယူ(ချန်ပီယံလိဂ်)တို့လို အသင်းကြီးများနှင့် ရင်ဆိုင်ထားဖူးသည့် အတွေ့အကြုံကလည်းရှိနေရာ အိမ်ရှင်အဖြစ် ကစားရမည့် ယခုပွဲ၌ ပေါ်တိုကို လျှော့တွက်ထား၍ မရသလိုဖြစ်နေသည်။ လီယွန်အသင်းမှာလည်း သည်ရာသီ ဥပရောပပွဲနွှဲနေသည့် အသင်းများထဲတွင် အဝေးကွင်း အားအကောင်းဆုံး အသင်းဖြစ်သည်။ ခံစစ်မာသည်။ ကွင်းလယ်နှင့် တိုက်စစ်မှာလည်း အတွေ့အကြုံ ရှိသူများရှိသည်။ သို့သော် ဂိုးသမား ဂရေရိုရီကော့ပက် ဒဏ်ရာကြောင့် ယခုပွဲ၌ မပါနိုင်သည်က အသင်း၏ အဓိကကျသည့် နေရာ၌ အားနည်းသွားသလို ရှိနေသည်။ သို့ရာတွင် အသင်းအနေဖြင့် ကွာတားအဆင့်သို့ရောက်ရှိ၍ ကျေနပ်နေကြပြီဖြစ်နေရာ အသင်းအပေါ်၌ မည်သည့်ဖိအားမျှ မရှိတော့။ ထို့ကြောင့် ပေါ်တိုအသင်းကို စိတ်အေးလက်အေးဖြင့် ရင်ဆိုင်ခွင့်ရှိနေသည်။ ထိုအချက်က ပေါ်တိုအသင်းကို အဓိက ဒုက္ခပေးမည့် အချက်ပင်ဖြစ်သည်။ လီယွန်အသင်း ပေါ်တိုကွင်း၌ မရှုံးနိုင်ဟုထင်သည်။

ပေါ်တို၏ ချန်ပီယံလိဂ် အိမ်ကွင်းရလဒ်များ

ပေါ်တို ၁-၃ ရီးရဲမက်ဒရစ် (အုပ်စုပွဲ)
ပေါ်တို ၁-၀ မာဆေး (အုပ်စုပွဲ)
ပေါ်တို ၂-၁ ပါတီဇန်ဘဲဂရိတ် (အုပ်စုပွဲ)
ပေါ်တို ၂-၁ မန်ယူ (ဒုတိယအဆင့်ရှုံးထွက်)

လီယွန်၏ ချန်ပီယံလိဂ် အဝေးကွင်းရလဒ်များ

ဆဲလ်တစ်	၂-၀	လီယွန်	(အုပ်စုပွဲ)
ဘိုင်ယန်မြူးနစ်	၁-၂	လီယွန်	(အုပ်စုပွဲ)
အင်ဒါလက်ချက်	၁-၀	လီယွန်	(အုပ်စုပွဲ)
ဆိုစီဒက်	၀-၁	လီယွန်	(ဒုတိယအဆင့် ရှုံးထွက်)

အေစီမီလန်- ဒီပို့တီဗို

ယမန်နှစ်ချန်ပီယံလိဂ် ဒုတိယရခဲ့သည့် ဂျူဗင်တပ်အသင်းကို ဒီပို့တီဗို ဒုတိယအဆင့်၌ ဖြိုပြခဲ့သည်။ အိမ်ကွင်း၌ ၁-၀၊ အဝေးကွင်း၌ ၀-၁ နှစ်ပွဲစလုံးနိုင်သည်။ ဂျူဗီတို့၏ တူရင်ရှိ ဒယ်လ်အပီ၌ စပိန်အသင်းများ ၄၂နှစ်ကြာ အနိုင်မရဘူးသည့် စံချိန်ကို ဒီပို့ချေဖျက်ပြခဲ့သည်။ ယခုလည်း နောက်ထပ် အီတလီတစ်သင်းကို ထပ်ရင်ဆိုင်ရဦးမည်ဖြစ်သည်။ မီလန်မှာ ဥရောပချန်ပီယံလိဂ်၏ လက်ရှိချန်ပီယံ၊လက်ရှိအချိန်၌လည်းပြည်တွင်းစီးရီးအေ၌ ခြေစွမ်းပြပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည့်အသင်း။ သည်တော့ ဒီပို့အတွက် အခက်ခဲဆုံး ပွဲတစ်ပွဲကို ကျော်ဖြတ်ရမည့်ပုံရှိနေသည်။ သည်နှစ်သင်းမှာ စိမ်းတော့မစိမ်း၊ ချန်ပီယံလိဂ်၌ စုစုပေါင်း လေးကြိမ် ရင်ဆိုင်ခဲ့ကြဖူးသည့် အစဉ်အလာရှိသည်။ လေးကြိမ်၌ ဒီပို့ကွင်း၌ကစားသည့် နှစ်ပွဲစလုံး မီလန်နိုင်သည်။ ၁-၀ (၂၀၀၀-၀၁)၊ ၄-၀(၂၀၀၂-၀၃) မီလန်ကွင်း၌ တစ်ပွဲသရေ ကျသည်၊ ၁-၁(၂၀၀၀-၀၁)၊ ဒီပို့တစ်ပွဲနိုင်သည်၊ ၂-၁(၂၀၀၂-၀၃)။ သို့ရာတွင် ဒီပို့တို့ မီလန်ကွင်း၌ ကစားခဲ့သည့်အချိန်များမှာ မီလန်တို့အတွက် နောက်တစ်ဆင့် တက်ရန် သေချာနေပြီ ဖြစ်၍ ကစားအားချထားသည့်အချိန်များ ဖြစ်သည်။ ထို့ကြောင့် မီလန်တို့ မနိုင်ခဲ့ခြင်းဟုလည်း ဆိုနိုင်သည်။ ယခု တစ်ကြိမ်တွင် အရင်လို အုပ်စုအဆင့်၌ ဆုံကြသည့်ပုံမျိုးမဟုတ်တော့။ အရေးကြီးသည့် ရှုံးထွက် အဆင့်ပွဲမျိုးဖြစ်နေသည်။ လက်ရှိအချိန်၌ မီလန်တို့ခြေငြိမ်နေပြီး တိုက်စစ်ပါ တက်နေပြီ။ ဒီပို့၏ခြေစွမ်းမှာမူ အတက်အကျများလွန်းသဖြင့် အိမ်ရှင်လည်း ဖြစ်နေသည့် မီလန်တို့ အသာစီးရနိုင်သည်ဟု ထင်စရာပင်။ သို့ရာတွင် ဒီပို့ကို ယခုအချိန်၌ လုံးဝလျှော့တွက်ထားပါက မှားသွားနိုင်သည်။ မည်သည့် အတွက်ကြောင့်နည်း။ ပွဲစဉ်လမ်းကြောင်း အနေအထား၊ လာလီဂါ၌ ဒီပို့၏အနေအထား တို့က ဒီပို့တို့အနေဖြင့် မီလန်ကို မရရအောင်ဖြိုဖို့ ကြိုးစားတော့မည့် အခြေအနေမျိုးဖြစ်နေသည်။ ဒီပို့တို့အနေဖြင့် ပြည်တွင်း လာလီဂါ ချန်ပီယံဖြစ်ရေး မလွယ်ကူတော့ရာ ချန်ပီယံလိဂ်ဘက်သို့ အပြည့်အဝ အာရုံစိုက် ထားပြီဖြစ်သည်။ ထို့အပြင် ဒီပို့အနေဖြင့် ချန်ပီယံလိဂ်ပွဲများ ကစားနေသည့် ကာလအတွင်း အသင်းကြီးများနှင့်ရင်ဆိုင်တိုင်း မထင်မှတ်သည့် ရလဒ်များထွက်အောင် ကစားပြတတ်သည့်အစဉ်အလာရှိနေသည်။ မန်ယူ၊ အာဆင်နယ်၊ ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်စသည့်အသင်းများအားလုံး အိမ်ကွင်း၌ ဒီပို့ကို အရှုံးပေးဖူးကြသည့် အစဉ်အလာရှိနေရာ ယခုပွဲ၌လည်း အိမ်ရှင်မီလန်ကို ဒီပို့တို့ ကောင်းကောင်း ရင်ဆိုင်ပြနိုင်စွမ်းရှိမည်မှာ သေချာနေသည်။ အုပ်စုပွဲ၌ မိုနာကိုအား အဝေးကွင်း၌ ၈-၃နှင့်ရှုံးထား၍ အဝေးကွင်း၌ ဒီပို့ခြေစွမ်းမထက်ဟူသော အတွေးများကို သည်ပွဲ၌ ခဏမေ့ထားလိုက်ပါ။ ယခုပွဲမှာ ဒီပို့အတွက် အနိမ့်ဆုံး သရေပွဲ၊ အမြင့်ဆုံးအနိုင်ပွဲဟု ထင်သည်။



ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်ဒုတိယအကျော့ ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် ရီးရဲမှ ဒေးဗစ်ဘက်ဟမ်းနှင့် ဘိုင်ယန်မြူးနစ်မှ ဇီးရောဘတ်တိုတို့ ဘောလုံးယှဉ်ပြိုင်ကစားစဉ်။

မီလန်၏ ချန်ပီယံလိဂ်အိမ်ကွင်းရလဒ်များ

မီလန် ၁-၀ အေဂျက် (အုပ်စုပွဲ)
မီလန် ၀-၁ ဘရက်ဂျ် (အုပ်စုပွဲ)
မီလန် ၁-၂ ဆယ်လ်တာဗီဂို (အုပ်စုပွဲ)
မီလန် ၄-၁ စပါတာပရတ် (ဒုတိယအဆင့်ရှုံးထွက်)

ဒီပို့တီဗို၏ ချန်ပီယံလိဂ်အဝေးကွင်းရလဒ်များ

အေအီးကေ	၁-၁	ဒီပို့တီဗို	(အုပ်စုပွဲ)
မိုနာကို	၈-၃	ဒီပို့တီဗို	(အုပ်စုပွဲ)
ပီအက်စ်ဗီ	၃-၂	ဒီပို့တီဗို	(အုပ်စုပွဲ)
ဂျူဗင်တပ်	၀-၁	ဒီပို့တီဗို	(ဒုတိယအဆင့်ရှုံးထွက်)

(၂၄-၃-၂၀၀၅)

ရီးရဲမက်ဒရစ်-မိုနာကို

ရီးရဲမက်ဒရစ် ဖလားသုံးလုံးလမ်းကြောင်းပေါ်မှ လွဲချော်သွားခဲ့ရသည်။ စပိန်ဖလားကို လက်လွှတ်လိုက်ရခြင်းက ရီးရဲအတွက် ကျန်ပြိုင်ပွဲနှစ်ရပ်၌ အဓိက တွန်းအားဖြစ်သွားခဲ့သည်။ ယခုပွဲ၌ ရီးရဲ၌ ကားလို့စ်မပါ။ ရိုနယ်ဒို ပါရန် မသေချာ။ ရိုနယ်ဒို မကစားပါက ရီးရဲတိုက်စစ်အားနည်းသလိုတော့ ရှိသည်။ မိုနာကိုမှာမူ ရီးရဲကို မည်သည့်နေရာ၌ မယှဉ်နိုင်။ရှေ့တွင် ရီးရဲအကြောင်း သိနေသူ မိုရီယန်းတေးစ်တစ်ယောက်လောက်သာ ရီးရဲကို ခြိမ်းခြောက်နိုင်

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲရှုံးထွက်ပွဲစဉ်ဒုတိယအကျော့ ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်အသင်းမှ ဇီဒန်းနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ဘောလ်လက်တို့ ယှဉ်ပြိုင်ကစားစဉ်။

မည့်ပုံ ဖြစ်နေသည်။ မိုနာကို အဝေးကွင်းကစားပုံက မစွံသည့်အပြင် သည်ရာသီ ရီးရဲ၏ အိမ်ကွင်း ရလဒ် အကောင်းဆုံးဖြစ်နေသည်ကလည်း မိုနာကိုတို့ ရီးရဲကို မယှဉ်နိုင်သည်ကို ပိုထင်ရှားစေခဲ့သည်။ယခုလိုအဆင့်မျိုး၌အတွေ့အကြုံက အဓိကစကားပြောသွားပြီဖြစ်ရာ အတွေ့အကြုံနည်းလွန်းသေးသည့် မိုနာကိုအတွက် ရီးရဲကွင်း၌ ဂိုးမပြတ်ခဲ့လျှင်တောင် ကျေနပ်ရမည့်ပုံ ရှိသည်။ ယခုပွဲကို ရီးရဲအသေအချာပြင်ဆင်ပြီး ကစားပါလိမ့်မည်။ ရီးရဲနိုင်မည့်ပွဲ ဖြစ်သည်။

ရီးရဲမက်ဒရစ်၏ ချန်ပီယံလိဂ်အိမ်ကွင်းရလဒ်များ

ရီးရဲမက်ဒရစ်	၄-၂	မာဆေး	(အုပ်စုပွဲ)
ရီးရဲမက်ဒရစ်	၁-၀	ပါတီဇန်ဘဲဂရိတ်	(အုပ်စုပွဲ)
ရီးရဲမက်ဒရစ်	၁-၁	ပေါ်တို	(အုပ်စုပွဲ)
ရီးရဲမက်ဒရစ်	၁-၀	ဘိုင်ယန်မြူးနစ်	(ဒုတိယအဆင့်ရှုံးထွက်)

မိုနာကို၏ ချန်ပီယံလိဂ်အဝေးကွင်းရလဒ်များ

ပီအက်စ်ဗီ	၁-၂	မိုနာကို	(အုပ်စုပွဲ)
ဒီပို့တီဗို	၁-၀	မိုနာကို	(အုပ်စုပွဲ)
အေအီးကေ	၀-၀	မိုနာကို	(အုပ်စုပွဲ)
လိုက်ကိုမိုးတစ်	၂-၁	မိုနာကို	(ဒုတိယအဆင့်ရှုံးထွက်)

ချယ်လ်ဆီး-အာဆင်နယ်

ဆုံပဲဆုံနိုင်လွန်းသည်။ ဤရာသီ၌ ပြည်တွင်းပြိုင်ပွဲနှစ်ပွဲ၌လည်း ဤနှစ်သင်း စုဆုံသည်။ သုံးကြိမ်ကစားခဲ့ရသည်၊ သုံးကြိမ်စလုံး အာဆင်နယ်နိုင်ထားသည်။ ၂-၁နှင့်ချည်း။ ထို့အပြင် ယခုအချိန်၌ အာဆင်နယ် ခြေစွမ်းအကောင်းဆုံး ဖြစ်နေခြင်း၊ နောက်ဆုံးကစားခဲ့သည့် (၁၆)ကြိမ်၌ အာဆင်နယ်သာ အသာ ရထားခြင်းများကလည်း အာဆင်နယ်အသာဟုထင်စရာပင်။ သို့ရာတွင် ယခုတစ်ကြိမ် အခြေအနေချင်းက ကွာနေသည်။ ချယ်လ်ဆီးတို့ အနေဖြင့် ချန်ပီယံလိဂ်ကို အဓိကပစ်မှတ်ထားနေခြင်း(ချန်ပီယံလိဂ်၌ ချယ်လ်ဆီး ကလည်း ကူနေသည်။) အာဆင်နယ်အသင်းအနေဖြင့်လည်း ချယ်လ်ဆီးနှင့်ပွဲပြီးနောက် မန်ယူနှင့်အဓိကပွဲ နှစ်ပွဲဆက်တိုက်နွှဲရန်ရှိနေခြင်းများက ချယ်လ်ဆီး အတွက် ယခုပွဲ၌ မျှော်လင့်၍ရနိုင်သည့်အနေအထားဖြစ်နေသည်။ အသင်းတွင် လူပြန်စုံလာနေသည့်အပြင် (ဗီရွန်၊ပီတစ်မှလွဲ၍) အိမ်ကွင်း၌လည်း ကစားရဦးမည် ဖြစ်နေရာ သည်တစ်ချီ အာဆင်နယ် ခြေစွမ်းမည်မျှကောင်းကောင်း စတန်းဖို့ဒ် ဘရစ်ချ်တွင် ချယ်လ်ဆီးကိုအနိုင်ရရေးမှာ သိပ်မလွယ်တော့ဟုထင်သည်။ ချယ်လ်ဆီးသရေ သို့မဟုတ် အနိုင်ပင်။

ချယ်လ်ဆီး ချန်ပီယံလိဂ်အိမ်ကွင်းရလဒ်များ

ချယ်လ်ဆီး ၀-၂ ဘက်ဆစ်တပ် (အုပ်စုပွဲ)
ချယ်လ်ဆီး ၂-၁ လာဇီယို (အုပ်စုပွဲ)
ချယ်လ်ဆီး ၀-၀ စပါတာပရတ် (အုပ်စုပွဲ)
ချယ်လ်ဆီး ၀-၀ စတုဂတ် (ဒုတိယအဆင့်ရှုံးထွက်)

အာဆင်နယ် ချန်ပီယံလိဂ်အဝေးကွင်းရလဒ်များ

လိုက်ကိုမိုးတစ်	၀-၀	အာဆင်နယ်	(အုပ်စုပွဲ)
ဒိုင်နမိုကိဗ်	၂-၁	အာဆင်နယ်	(အုပ်စုပွဲ)
အင်တာမီလန်	၁-၅	အာဆင်နယ်	(အုပ်စုပွဲ)
ဆယ်လ်တာဗီဂို	၂-၃	အာဆင်နယ်	(ဒုတိယအဆင့်ရှုံးထွက်)။ ။

(မြန်မာ့အလင်း)

အကြံထူးကံသာဘုရား ထီးတော်သစ်တင်လှူမည်

ပြင်ဦးလွင် မတ် ၁၅

ပြင်ဦးလွင်မြို့ နိဗ္ဗာန်လမ်းပြ ကျောင်းအတွင်းရှိ အကြံထူးကံသာဘုရား ထီးတော်သစ်တင်လှူပွဲကို ကမ္ဘာ့သာသနာပြု အပ်ချုပ်မှူးဆရာတော် ဦးဆောင်၍ မတ် ၂၈ရက်(တန်ခူးလဆန်း ၈ရက်) နံနက်တွင် ရွှေထီးတော်သစ် တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

(က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆို မြဝတီခရိုင်တွင် တံတားနှင့် စံပြကျေးရွာဖွင့်

မြဝတီ မတ် ၁၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင် မြဝတီမြို့နယ် ဖဲထော်သလေးရွာအဝင် တံတားနှင့် စံပြကျေးရွာဖွင့်ပွဲကို မတ် ၁၂ ရက်က အဆိုပါ ကျေးရွာတွင် ကျင်းပရာ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းမောင်စည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးနွဲ့သောင်းတို့ကရွာအဝင်တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်မြို့ အောင်မြေသာယာကျွန်းတောကျောင်း ဆရာတော်အား ဂုဏ်ပြုပူဇော်

ပြည် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် ရွာဘဲရပ်ကွက် မူယာပင်ရပ် အောင်မြေသာယာကျွန်းတော ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မထေရ်အား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉ နာရီက ကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တကုဏ္ဍလဇောတိက ငါးပါးသီလချီးမြှင့်တော်မူပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူသည်။ ထို့နောက်ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိတ မထေရ်မြတ်၏ တေရုပ္ပတ္တိအကျဉ်းကို အောင်မြေသာယာကျွန်းတောကျောင်းတိုက်မှ စာချနာယကဆရာတော် အရှင်ကုမာရ (ဓမ္မာစရိယ)က လည်းကောင်း၊ ဘွဲ့တံဆိပ်တော်ရရှိတော်မူသောဆရာတော်အား ဝမ်းမြောက်ချီးကျူးပူဇော်ကြောင်းကို တပည့်ဒါယကာ တစ်ဦးကလည်းကောင်း လျှောက်ထား ပူဇော်ကြသည်။ ထို့နောက် ဂုဏ်ပြုပူဇော်ပွဲအတွက် လှူဒါန်းမှုအစုစုတို့ကို ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိတ မထေရ်မြတ်က အနုမောဒနာတရားဟောကြားတော်မူပြီး ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးသစ်ကြီးတွင် အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ ဈေးသာယာရေး ကော်မတီဝင်များ၊ မြို့နယ်မီးသတ် ဦးစီးဌာနဝန်ထမ်းများ၊ ဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မတ်၁၀ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင်ကြည့်ရှုအားပေးစဉ်။

(မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် ဗောဓိရိပ်သာကျောင်းတိုက်၌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ပြုပူဇော်

ကြို့ပင်ကောက် မတ် ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရတော်မူသော ဒုတိယပဓာန နာယက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်း သံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ ဝါယမ အရှင်သူမြတ်၏ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်က ဗောဓိရိပ်သာကျောင်းတိုက် အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ **(ဝ၄ဝ)**

မြန်မာ့အသံ

၂၃-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝေဠုသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တိုးပွားအောင် အစာစပ်စက်ရုံ)

၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက်(ဇာတ်မာန်စာ ရဲမြန်မာ-ညွန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (ကဲ့ရဲ့ခြင်း၊ အပြစ်တင်ခြင်းနှင့် ကိုယ်ကျင့်တရား တည်ဆောက်ခြင်း- အောင်သာ)

၁၂း၂၀ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းပမာ (တော်ဝင်သူမဟုတ်ပေမယ့်)

၁၂း၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (ရည်တူချစ်ပန်း)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၀ ကမ္ဘာ့ဂီတ

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (တိုးတက်ပြောင်းလဲနေသော ဘော်လီဘောအားကစား နည်းဥပဒေသစ်များ) ဦးဥာဏ်ထွန်း-ညွှန်မှူး(အား/ကာ)

၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်

၁၉း၁၅ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု ပညာရှင်များ၏ တေးများအစီအစဉ်

၂၀း၃၀ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကလေးများ၏ သီချင်းဆိုပြိုင်ပွဲအစီအစဉ် (မြန်မာအာဇာနည်)

တောင်တွင်းကြီး သဲဖြူကျေးရွာကျောင်းများသို့ ဝတ်စုံလှူဒါန်း

တောင်တွင်းကြီး မတ် ၁၃

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် သဲဖြူကျေးရွာ အမှတ်(၁၂၄)၊ အခြေခံပညာမူလတန်းလွန်နှင့် တွဲဖက်အလယ်တန်းကျောင်း ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသား ၅၁၀ အတွက် ကျပ်၁၀သိန်းတန် ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းပွဲကို အဆိုပါကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ဓမ္မာရုံတွင် မတ် ၁၁ ရက် ညနေ ၃နာရီက ကျင်းပသည်။

အလှူရှင် ပဲခူးတိုင်း ရွှေတောင်မြို့ ချည်ထည်အချောကိုင်စက်ရုံ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်နှင့် မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ အဏ္ဏဝါ ဦးသန်းအောင်တို့က လှူဒါန်းသော ကျောင်းဝတ်စုံများကို ဆရာဆရာမ ၁၀ဦးနှင့် ကျောင်းသူ ကျောင်းသား ၅၀၀တို့အား လှူဒါန်းကြရာ အငြိမ်းစား ကျောင်းအုပ် ဆရာကြီး ဦးအောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးမျက်နှာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က လေးမျက်နှာ- ညောင်ပင်ဝဲ မြေသားလမ်းဖွင့်ပွဲကို မတ် ၁၇ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးယဉ်ထွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းရွာ အလက မိဘဆရာအသင်းစည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ပွင့်ဖြူ မတ် ၁၈

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဘုရား အရှေ့ခြမ်း ငါးခြောက်ကျွန်းရွာ အလယ်တန်းကျောင်း၏ ဒုတိယအကြိမ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၃-၂၀၀၄ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၉နာရီက စည်းဝေးခန်းမတွင် ကျင်းပသည်။

မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ ဆုပေးပွဲ အပြီးတွင် ကျောင်းအနုပညာအသင်းမှ ကျောင်းသားကျောင်းသူများ၏ အကပဒေသာများဖြင့် တင်ဆက် ဖျော်ဖြေကြောင်း သိရသည်။

(က-ပ)

မတ် ၇ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် ကျောက်တန်းမြို့ ဆင်ကန်သန့်ရှင်းပြီး ရေညစ်ညမ်းမှုမဖြစ်ရန် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းများကြည့်ရှုစစ်ဆေးရာ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေးတို့က လိုက်လံရှင်းလင်း ပြသကြစဉ်။

(မြို့နယ်စည်ပင်)

မတ် ၁၆ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ၁၂ လမ်း ၇၃ လမ်းထောင့်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်း ကျောင်းအုပ်ကြီး ဦးအောင်စိုးနှင့် ဆရာဆရာမ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လူငယ်သင်တန်းကျောင်းဝင်းအတွင်း မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ကြစဉ်။

(က-ပ)

အမြန်အလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)

Panorama Hotel

၁။ Asst: Housekeeper (အင်္ဂလိပ်စကားပြောဆိုနိုင်သူ) ကျား/မ ၁ ဦး
၂။ Kitchen Controller ကျား ၁ ဦး
၃။ Beautician မ ၂ ဦး

လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

မကြာမီက ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံ ပါရှိရမည်။ လျှောက်လွှာပုံစံများကို နေ့စဉ် ရုံးချိန်အတွင်း အခမဲ့ထုတ်ယူနိုင်သည်။ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်းလျှောက် ထားနိုင်သည်။ လူတွေ့ခေါ်ယူစစ်ဆေးသည့်အခါ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံချက်မူရင်းတို့ကို တင်ပြရမည်။

လုပ်ငန်းလိပ်စာ – အမှတ် ၂၉၄/၃၀၀၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၆

ရိုးမဘဏ်လီမိတက်	နှင့်	ဦးတင်မောင်ဝင်း
(ဘဏ်ကိုယ်စားအကြီးတန်းမန်နေဂျာ		တိုက်အမှတ်၉(ပထမထပ်)၊၂ လမ်း၊
ဒေါ်အေးအေးမြင့်)		ယုဇနဥယျာဉ်မြို့တော်၊
ချေးငွေဌာန၊ ရိုးမဘဏ်လီမိတက်ရုံးချုပ်		ဒဂုံဆိပ်ကမ်းမြို့နယ်၊
အက်ဖ်အမ်အိုင်စင်တာ၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊		ရန်ကုန်မြို့။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။		
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးတင်မောင်ဝင်း တိုက်အမှတ် ၉(ပထမထပ်)၊ ၂ လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလို ရိုးမဘဏ်လီမိတက်(ဘဏ်ကိုယ်စား အကြီးတန်းမန်နေဂျာ ဒေါ်အေးအေးမြင့်)က ရိုးမကတ်ဖြင့် သုံးစွဲထားသောငွေ ၂၆၁၈၀၉၇ ကျပ်၊ ၉၈ ပြား (ငွေနှစ်ဆယ့်ခြောက်သိန်းတစ်သောင်း ရှစ်ထောင်ကိုးဆယ့်ခုနစ်ကျပ် ကိုးဆယ့်ရှစ်ပြားတိတိ) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး စာနှင့်အမိန့်ရ ရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၅ ရက် (၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် ယင်းကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဝင်းမော်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင်တရားရုံး။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၁၃/၂၀၀၄
(၂၀၀၄ ခုနှစ်၊ မတ်လ ၁၆ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်–

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	လက်ထောက်အင်ဂျင်နီယာ	အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့	၂၀နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀-၄-၂၀၀၄ ရက်တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀-၄-၂၀၀၄ ရက်အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/–ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ်၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင် ရေးဖြေစာမေးပွဲ**စာစစ်ဌာနများ ထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀-၄-၂၀၀၄ ရက်အရောက် ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၈-၅-၂၀၀၄ ရက်နှင့် ၉-၅-၂၀၀၄ ရက်များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၆-၅-၂၀၀၄ ရက်မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့် ကတ်ပြားများကိုထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

တန်ခိုးတော်ကြီးမြတ်လှသော ကျိုက်ကြီးကုန်းရုပ်ရှင်တော်မြတ်ကြီး သီတင်းသုံးတော်မူရာ သာသနာ့ကုန်းတော်တွင် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီး ကျင်းပမည်

ပေါင်းတည်မြို့ ကျိုက်ကြီးကုန်း သာသနာ့ကုန်းတော်ရှိ ကျိုက်ကြီးကုန်း ရုပ်ရှင်တော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စတုတ္ထအကြိမ်မြောက်အဖြစ် ၄-၄-၂၀၀၄ မှ ၈-၄-၂၀၀၄ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများ ကြွရောက်ဖူးမြော် ကြည်ညိုနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျိုက်ကြီးကုန်း သာသနာ့ကုန်းတော်မှလွဲ၍
အခြားမည်သည့်နေရာဒေသကိုမျှ
အလှူခံ စေလွှတ်ထားခြင်း မရှိပါ။

ပွဲတော်ကျင်းပရေးဦးစီးကော်မတီ
ကျိုက်ကြီးကုန်း သာသနာ့ကုန်းတော် ပေါင်းတည်မြို့။

မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သော အဆင့်တန်းမြင့် တရုတ်သက်သတ်လွတ်ဟင်းချက်နည်းသင်တန်း

ယနေ့လောက သိပ္ပံပညာရှင်များ သုတေသနတွေ့ရှိချက်အရ သက်သတ်လွတ် စားခြင်းသည် အနာရောဂါကင်းမဲ့၍ နုပျိုအသက်ရှည်ပါသည်။ တရုတ်သက်သတ်လွတ်ဟင်းချက်နည်း သားတု၊ ငါးတု အပါအဝင် ဟင်းမျိုးစုံကို အခမဲ့ သင်ကြားပေးပါမည်။

စုံစမ်းရန်နှင့် စာရင်းသွင်းရန် – မွန်းလွဲ ၂ နာရီမှ ၄ နာရီ
ဦးဟန်ကြိုင် အမှတ် ၂၅၊ ၂၁ လမ်း၊ ရန်ကုန်။



တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်

အနက်ရောင်ဘူးထဲတွင် ထည့်ထားသော "Julbo" တံဆိပ် အမှတ်အသားပါ မျက်မှန်တစ်လက် ၁၄-၃-၂၀၀၄(တနင်္လာနေ့) ညနေ ၄နာရီခန့်တွင် "Marina"မှ မြရိပ်ညိုသို့ ၄ဦးစီးလာသော Taxi ပေါ်၌ မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက အောက်ပါ တယ်လီဖုန်း နံပါတ်သို့ ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်။

တယ်လီဖုန်းနံပါတ် ၆၅၀၆၅၁

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းတည်ဆောက်ဆဲ ဓမ္မသဘာကျောင်းတော်ကြီးအတွက် တောင်ဥက္ကလာပ (၉)ရပ်ကွက် သုရ ၂လမ်းနေ ဦးကျော်စိန်–ဒေါ်ခင်သောင်းမိသားစုတို့က အလှူငွေကျပ် သုံးသိန်းသုံးထောင်နှင့် မိခင်ကြီး (ဒေါ်စောတင်)အတွက်ကျပ်ငါးသောင်းကို မတ် ၁၉ရက်က ဆက်ကပ်လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းစေမည့် Hi-Kay Plus မြေသြဇာအကြောင်းဆွေးနွေး

ရန်ကုန် မတ် ၂၁

Everchem Corporation (M) Sdn. Bhd (Malaysia), Pengerdar Bahan Pertanian Sdn. Bhd(PBP)(Kuok Group Malaysia)နှင့် Samsung Corporation (Korea)တို့ ပူးပေါင်းကျင်းပသည့် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းစေမည့် Hi-Kay Plus မြေသြဇာအကြောင်း ဆွေးနွေးပွဲ အခမ်းအနားကို မတ် ၁၆ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိကုန်သည်ကြီးများဟိုတယ်၌ ပြုလုပ်ရာ Pengerdar Bahan Pertanian Sdn. Bhdမှ မန်နေဂျင်းဒါရိုက်တာ Mr.Peter Szeက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး Dato Cheah San Kip က အမှာစကားပြောကြားသည်။

ထို့နောက် Pengerdar Bahan Pertanian Sdn. Bhd (PBP) (Kouk Group, Malaysia)မှ Mr.David Leeက Hi-Kay Plus မြေသြဇာအသုံးပြုခြင်းဖြင့် ဆီအုန်းနှင့်အခြားသီးနှံများအတွက်တိုး၍အကျိုးအမြတ်ရရှိနိုင်ကြောင်း ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များ ဆွေးနွေးမေးမြန်းကြကြောင်း သိရသည်။ **(က–ပ)**

ရွှေပြည်သာစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ပျော်ဘွယ် မတ် ၁၃

ပျော်ဘွယ်မြို့ သမိုင်းဝင် ရွှေပြည်သာစေတီ(၉၇)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလပြည့်ကျော် ၃ရက်မှ စတင်ကျင်းပရာ ရပ်ဝေးရပ်နီး ဘုရားဖူးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား သစ်သီးဆွမ်း ဘောဇဉ်ခဲဖွယ်များ ဆက်ကပ်ခြင်း၊ တရားပွဲများကျင်းပခြင်း၊အနောက်ဘက်မုခ် အာရုံခံတန်ဆောင်းအတွင်းရှိ အောင်ခြင်းရှစ်ပါး ဗုဒ္ဓဝင်ပန်းချီကားချပ်များနှင့် ရုပ်ပွားဆင်းတုတော် ၁၈ဆူတို့ကို ဗုဒ္ဓါ ဘိသေကမင်္ဂလာ ဆင်ယင်ပြီး ရေစက်သွန်းချပူဇော်ပွဲကို ဂေါပကအဖွဲ့က ကြီးမှူး၍ကျင်းပသည်။

အဆိုပါ ဘုရားပွဲတွင် ဘုရားဖူးများဖြင့်စည်ကားပြီး အလှူရှင်များက ရွှေသင်္ကန်းကပ်ရန်နှင့် ကျောက်ပြားခင်းရန် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ညပိုင်းတွင် ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများနှင့် အရောင်းဆိုင်ခန်းများဖြင့် စည်ကားစွာ ကျင်းပသည်။ **(၂၅၀)**

ထူးချွန်ကျောင်းများဆုပေး

မြင်းခြံ မတ် ၁၃

မြင်းခြံမြို့နယ် ကျောင်းကျန်းမာရေးကော်မတီက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ကျောင်းဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်က မြင်းခြံမြို့ အလက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူနှင့် ခရိုင်ပညာရေးမှူး ဦးစိုးတို့က အမှာစကားပြောကြားကြပြီး ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ကျောင်း ပထမ အထက(၂)၊ ဒုတိယ အထက(ဆီမီးခုံ)၊အလယ်တန်းအဆင့် ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ကျောင်း ပထမ အလက(၁)နှင့် မူလတန်းအဆင့် ပထမ အမက(၁၁) အလင်းရောင်ကျောင်း၊ဒုတိယအမက(၃)နှင့် တတိယဆုရ အမက(၁၂) (မြို့မ) ကျောင်းတို့အား ဆုများချီးမြှင့်ကြသည်။ **(၄၀၂)**

"ထွန်းလင်းဂုဏ်ဖြာ သူရိယပမာ" အစီအစဉ်ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၁

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတွင် ရဲစွမ်းသတ္တိဆိုင်ရာဘွဲ့၌ အမြင့်ဆုံးဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ အကြောင်း သိကောင်းစရာများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ ဆွေမျိုးသားချင်းများက ပြန်ပြောင်းပြောပြချက်များ၊ ဘွဲ့ရရှိမှုဖြစ်စဉ်တွင် ကိုယ်တိုင်ပါဝင်ခဲ့သူများ၏ ပြောပြချက်များကို ကိုရွှေအောင် စုစည်းတင်ဆက်ထားသော ထွန်းလင်းဂုဏ်ဖြာ သူရိယပမာ အစီအစဉ်ကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှ မတ် ၂၄ရက် ည ၇နာရီ ၁၅မိနစ်တွင် ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီအောင်လွင်၊ ဖြိုးငွေစိုးနှင့် မြန်မာ့အသံဝန်ထမ်းများ **(အောက်ပုံ)**ပါဝင်ထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ကန်အေးကွင်းကျောင်း ၁၀ ရက် တရားစခန်း

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်သြဝါဒခံ ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ၌ (၃၃)ကြိမ်မြောက် မဟာစည်ဝိပဿနာ ၁၀ရက်စခန်း တရားအားထုတ်ပွဲကို ဧပြီ ၉ ရက်မှ ၁၈ရက်အထိ ကျင်းပမည် ဖြစ်ရာ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အဖျော်ရည် စသည့်အလှူရှင်များနှင့် တရားအားထုတ်လိုသူများသည်ညောင်ကန်အေးကွင်းကျောင်း ဝေယျာဝစ္စအဖွဲ့ ဖုန်း–၅၆၀၉၂၄ သို့ ဆက်သွယ်၍ စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မတ် ၃ရက်က အမက(၂၁)တာမွေ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းထိငါးနှစ်ဆက်တိုက် ဘာက်စုံထူးချွန်ပထမဆုရ မောင်ကျော်သူရိန်လင်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်သိန်းညွန့်က ဆုချီးမြှင့်စဉ်။
(က–ပ)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အဝေရာလမ်း အမှတ် (၂၂)နေ
ဦးခင်မောင်ကျော်-ဒေါ်တင်ရွှေ တို့၏သားကြီး
မောင်တင်ထူးကျော် (B.E- Mechanical)
Myanmar Tractors Limited
နှင့်
ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းဈေးလမ်း အမှတ် (၆၄)နေ
ဦးစိုးမြင့် (Safety Co-ordinator- Myanmar Lvanhoe Copper Co.,Ltd)-
ဒေါ်အမာကြည် (ကျောင်းအုပ်ကြီး၊ အထက-၃၊ ဗဟန်း)တို့၏
တစ်ဦးတည်းသောသမီး
မလင်းလင်းလတ် (B.Sc -Physics)
Petronas Carigali Myanmar (HK) Ltd.

တို့၏ ၂၀-၃-၂၀၀၅ရက်တွင် မဟာဗောဓိပရိယတ္တိစာသင်တိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၂၁-၃-၂၀၀၅ ရက်တွင် Sedona Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
တင်ထူးကျော်-လင်းလင်းလတ်။

မြန်အောင်မြို့ ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ထီးတင်ပွဲကျင်းပမည်

ဂေါပကလူကြီးများဦးဆောင်၍ မြန်အောင်မြို့နှင့် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော မြန်အောင်မြို့နယ်သူ မြို့နယ်သားများနှင့် အလှူရှင်တို့က ရွှေသင်္ကန်းကပ်လှူ၍ (၁၃၆၆ ခု တန်ခူးလဆန်း ၁၁ ရက်) ၁၁-၃-၂၀၀၅ ရက် နံနက် ၇ နာရီတွင် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပြီး (တန်ခူးလပြည့်ကျော် ၃ ရက်မှ ၅ ရက်အထိ) ၇-၄-၂၀၀၅ မှ ၉-၄-၂၀၀၅ ရက်အထိ ၃ ရက်တိုင်တိုင် ဒေါင်းမင်းရာဇာ ထီးတော်တင်အဖွဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ထီးတော်တင်လှူပူဇော်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး ဓမ္မမိတ်ဆွေများ ကြွရောက်ပူဇော်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့။

အမြန်ရောင်းမည်

လှည်းတန်းကွန်ဒို
1300 Sq ft 8 and 12 floor ပြင်ဆင်ပြီး 3A/C
ရောင်းမည်။
Daewoo Espero ၁၈/၉၀၀၀ ကျော်ကားရောင်းမည်။
ဆက်သွယ်ရန်ဖုန်း-၀၉၅၀ ၅၅၃၇၊ ၇၂၂၀၉၇

Ph:784421, 547295

Ph:248880

Diary Travels & Tours

Hotel
Restaurant
Air-con Express

Phone-390120, 240832, 287129, 09 501 9832

လက်ထပ်ပြီးစီးခြင်း

တီးတိန်မြို့ စကောလမ်းရပ်ကွက်နေ
ဦးကျင့်ဇထပ်- (ဒေါ်အွန်ခေါ်ညောင်)တို့၏ ဒုတိယသား
အော်စကာပေါင်ဇကပ် B.Sc(Physics)
(Director, Penang Porkmee Restaurent, Ten- Tien Fatt, Kualalumpur, Malaysia)
နှင့်
ကလေးမြို့ ပင်လုံ(၈) ရတနာလမ်းနေ
(ဦးလျှန်ဒိမ်းခေါ်ပေါင်)-ဒေါ်နွမ်းခန့်ညဏ်တို့၏သမီးထွေး
လျာဝုန်ခင်းကျိန်(ခ)မိုးစန္ဒာ
B.Sc (Physics 2nd Year) Kalay University
တို့သည် ၂၈-၂-၂၀၀၅ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
အော်စကာပေါင်ဇကပ်-လျာဝုန်ခင်းကျိန်(မိုးစန္ဒာ)။

ရန်ကုန် ဂေါက်အသင်းကြေညာချက်

ရန်ကုန်ဂေါက်အသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၅ ခုနှစ် မတ်လ ၂၈ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီအချိန်တွင် ရန်ကုန်ဂေါက်အသင်း အစည်းအဝေးခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး
ရန်ကုန်ဂေါက်အသင်း။

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆ ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမကြီး အမှတ် ၂၅၃ ဟုခေါ်တွင်သော အဆောက်အအုံတွင် နေထိုင်ပြီး ကွယ်လွန်ခဲ့ကြသည့် ဦးငွေမောင်နှင့် ဒေါ်လှကြည်တို့၏ အမွေဆက်ခံသူသားရင်း သမီးရင်းများဖြစ်ကြသော ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသည့် ဦးမြင့်ဦး ၁၂/လမန(နိုင်)၀၁၈၇၁၂၊ ဒေါ်အုန်းခင် ၁၂/လမန(နိုင်)၀၁၃၈၃၇၊ ဒေါ်သင်းသင်းမာ ၁၂/လမန(နိုင်)၀၁၈၇၀၉၊ ဒေါ်စန်းစန်းကြည် ၁၂/လမန(နိုင်)၀၈၅၃၀၃၊ ဒေါ်နှင်းနှင်းအိ ၁/ဗမန(နိုင်)၀၃၆၁၄၃ ကို ကိုင်ဆောင်သူတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ လိပ်စာရှိ ဆောက်လက်စ နှစ်ခန်းတွဲ ရစ်ထပ်တိုက် အဆောက်အအုံနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အမှုသည်များ၏ ဖခင် ဦးငွေမောင် မကွယ်လွန်မီက ၁၀-၅-၂၀၀၀ နေ့စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ကန်ထရိုက်တာ ဦးဇော်ဝင်းနှင့်ချုပ်ဆိုခဲ့သော ၂-၁၂-၉၇ နေ့စွဲပါ စာချုပ်အား ဖျက်သိမ်းကြောင်း၊ ကန်ထရိုက်တာဦးဇော်ဝင်းနှင့် ဆက်သွယ်ပြီး အဆိုပါ အဆောက်အအုံ၏ တိုက်ခန်းများကို ဝယ်ယူထားခြင်း၊ ပေါင်နှံထားခြင်းများ ပြုလုပ်ထားသူများသည် ကန်ထရိုက်တာဦးဇော်ဝင်းနှင့်သာ ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့၏အမှုသည်များသည် အဆိုပါ ဆောက်လက်စ အဆောက်အအုံနှင့် အဆောက်အအုံတည်ရှိရာ မြေတို့နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်၊ စီမံခန့်ခွဲခွင့်ရှိသည့်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၁၃-၃-၂၀၀၀ နေ့စွဲပါ စာအမှတ် ၆၀၃/ပြင်ပ/စည်ပင်-ယာ(အုံ)စာအရ အိမ်ရှင်အမွေကို ဥပဒေနှင့်အညီ ဆက်ခံသူများအနေဖြင့် အဆိုပါ ဆောက်လက်စ အဆောက်အအုံနှင့်ပတ်သက်၍ ၎င်းတို့၏သဘောဆန္ဒနှင့်အညီ စီမံဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်တို့ထံသို့ ဤသတင်းစာတွင် ကြေညာချက်ပါသည့်နေ့မှစ၍ ခုနစ်ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း။ အထောက်အထားခိုင်မာမှု မရှိသော စာချုပ်စာတမ်းများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်မေမေလွင်	**ဒေါ်မေဝိုင်း**
B.Sc., R.L., D.B.L., D.M.L	**LL.B**

တရားရုံးချုပ်ရှေ့နေများ

ဒေါ်သီတာမမ	**ဒေါ်ခင်လှ**
LL.B. D.M.L	**LL.B**

အထက်တန်းရှေ့နေများ
အမှတ် ၅၀ ပထမထပ် အခန်း ဒီ-၁၂ ဘဏ်လမ်း
ကျောက်တံတားမြို့နယ်။
ဖုန်း-၇၀၅၃၀၉၊ ၇၀၁၄၃၉

MCC
Junior Management & Office Staff Training Course
Desktop Publishing Course

"Super Market, Show Room
Victoria
(12000)
Condominium
09-500-3371, 09-500-8204

Marketing Manager
Marketing
Machine Fitter

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် အကွက်အမှတ် ၅၁၄/၁ ဦးပိုင်အမှတ် (၅၂)ဂရန်မြေကွက်အား ဦးတင်မောင်မြင့် မှတ်ပုံတင်အမှတ် အက်စ်ဘီအို ၁၃၉၂၉၀မှ အမှုတွဲအမှတ် ၁၉၉၁/၂၀၀၃-၂၀၀၄ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ တောမှမြို့ပြောင်း ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် အကွက်အမှတ် ၅၁၄/၁ ဦးပိုင်အမှတ် (၄၈)ဂရန်မြေကွက်အား ဒေါ်စမ်းစမ်းမြင့် နိုင်ငံသားစိစစ်ရေးကတ် ၉/မနမ(နိုင်) ၀၇၉၇၃၀ မှ အမှုတွဲအမှတ် ၁၉၈၉/၂၀၀၃-၂၀၀၄ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြင်မြို့
အသက်(၉၈)နှစ်

ဦးဝင်းလွင်(သံအမတ်ကြီး-ငြိမ်း)-ဒေါက်တာဒေါ်သန်းသန်းနွဲ့တို့၏ မွေးသမိခင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဦးတင်မြင့်-ဒေါ်ရွှယ်ဂျာ
ညွှန်ကြားရေးမှူး၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

အများသိစေရန်ကြေညာချက်

(ဖခင်ကြီး ဦးဂျာလ်ဇာကပ်)နှင့် မိခင်ကြီး ဒေါ်ကျင်မန်းကျင်တို့ ကိုယ်တိုင်ဆောက်လုပ် ပိုင်ဆိုင်လာခဲ့သော ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၉/၂ နေအိမ်အရှေ့ဘက် တံခါးနှစ်ပေါက် (အပေါ်ထပ်အပါအဝင်)ကို အမွေရရှိပိုင်ဆိုင်သော မိခင်ကြီးနှင့်သမီးဖြစ်သူ ဒေါ်ကျင်လမ်းလွန်နှင့် ညီအစ်မများမှ ဒေါ်နန်းခင်စိန် (ဆု-ရှမ်းခေါက်ဆွဲ)အား ၂၀၀၃ ခုနှစ်မှစ၍ အိမ်ငှားချထားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့ရှိ မိခင်ကြီးနှင့် ကျွန်မတို့မသိရှိဘဲအဆိုပါ နေအိမ်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း စသည့်လွှဲပြောင်းခြင်းများကို မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကျင်မန်းကျင် (E/RGN-၀၀၆၈၀၁)
ဒေါ်ကျင်လမ်းလွန် (HLG-၀၀၄၄၁၈)
အမှတ် ၆၂-F အောင်မေတ္တာလမ်း
ပီတောက်မြိုင်၊ ထန်းပင်ကုန်း
စော်ဘွားကြီးကုန်းစာတိုက်၊ အင်းစိန်မြို့နယ်။

အာရှတော်ဝင်နှလုံးနှင့်အထွေထွေရောဂါအထူးကု ဆေးခန်းကြီးသို့

ဆက်သွယ်လိုပါက
ဖုန်း-၅၃၈၀၅၅ (15 Lines) သို့သာ
ဆက်သွယ်ပါရန်။

အမြန်ရောင်းမည်

80 KVA မီးစက်
လက်ရှိအသုံးပြုဆဲ
အသစ်နီးပါးကောင်းသည်။
ဖုန်း-၃၁၇၇၇၁၊ ၅၄၇၂၂၅

အမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့နယ် ဆိတ်ဖူးခင်ကျေးရွာနေ (ဘ) (ဦးမောင်လေး)-ဒေါ်ခင်ညွန့် တို့၏ သားများဖြစ်ကြသည့် မောင်ဇော်မင်း ၇/ဖမန(နိုင်) ၁၀၇၀၁၀နှင့် မောင်ဇော်လွင် ၇/ဖမန(နိုင်) ၁၀၆၉၈၂ တို့သည် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းတို့အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းတို့နှစ်ဦးနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(ဦးမောင်လေး)-ဒေါ်ခင်ညွန့် ၇/ဖမန(နိုင်) ၀၃၃၂၅၆

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဆ/၃၇၄၀ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း

အများသိစေရန်ကြော်ငြာခြင်း

ဦးဝင်းဇော် နိုင်ငံသားစိစစ်ရေးကတ်အမှတ်- ၁၂/သကတ(နိုင်)၀၃၀၉၃၀ ကိုင်ဆောင်သူနှင့် ဒေါ်စန်းရှင် မှတ်ပုံတင်အမှတ် စီဇက်အင်န်-၁၁၃၁၈၉ ကိုင်ဆောင်သူတို့သည် ၁၉-၃-၂၀၀၅ရက်တွင် ရန်ကုန်တိုင်းတရားရုံး၌ တရားဝင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် နောက်နောင် ဦးဝင်းဇော်နှင့် ပတ်သက်သည့် မည်သည့်အကြောင်းကိစ္စများကိုမဆို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်စန်းရှင်(စီဇက်အင်န်-၁၁၃၁၈၉)၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်ရီ (LL.B)
တရားရုံးချုပ်ရှေ့နေ
၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊ မ/ဥက္ကလာ၊ ရန်ကုန်မြို့။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်တို့၏သား မောင်စိန်ဝင်း(ခ)လီကာလျော် ၁၂/လမတ(နိုင်) ၀၁၈၈၈၆ သည် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲစေခြင်း၊ ဆုံးမမှုကိုနားမထောင်ခြင်းတို့ကြောင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါ။

ဦးလှဝင်း
၁၂/လမတ(နိုင်)၀၂၇၀၁၆
ဒေါ်ကြည်
၁၂/လမတ(နိုင်)၀၂၇၀၀၉

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ဖရပ်ကွက်၊၂၉လမ်း၊အိမ်အမှတ် ၆၅၊ တတိယထပ် အခန်းအမှတ် ၅နှင့် ၆ တို့အား ပိုင်ဆိုင်သူ ဦးမောင်ငြိမ်း(ခ)အဘူခိုက် S/RGN၀၀၃၁၂၃ (ဘ) ဦးစံမရှ(ခ)ဦးပု၏ အခွင့်ရကိုယ်စားလှယ် ဦးမောင်စိုး S/RGN၀၀၀၀၆၆ (ဘ) ဦးစံမရှ (ခ)ဦးပုထံမှ ကျွန်တော်ဦးအောင်မြင့် ၁၂/ပဘတ(နိုင်) ၀၁၇၁၉၄ မှဝယ်ယူရန် သို့နိုင်းပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်မြင့်
အမှတ်၂၀၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



FAW ကားရောင်းမည်

97 Model ၄ခ/........

Isuzu 4JB1 Diesel Engine

Ph: 515204,512164 Ext: 215,209
591079,591080

ရန်ကုန်ထမင်းချိုင့်
အိမ်အရောက်ပို့ပြီ

ဆရာဝန်၊ အဆိုတော် အနုပညာရှင်များ
အားပေးကုန်ကြပြီ။
တစ်လ - ၃၀၀၀၀ိ/-
၈/၃၊ သုခလမ်း၊ ကျောက်ရေတွင်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း။
ဖုန်း - ၆၆၄၅၁၇

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

သတိပေးနိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉

(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကိုကျော်မင်း(ခ)ကိုဟုံလေး
B.A(Myanmar)
(ကျိုက်လတ်မြို့နယ်)
အသက်(၅၀)

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၁)လမ်း၊ အမှတ် ၃၂၇ နေ ဦးပွင့်ကြည်-(ဒေါ်ကျင်နှစ်)တို့၏သား၊ ဦးပွင့်စိန်၊ ဒေါ်မြင့်မြင့်၊ ဦးစန်းမြင့်-ဒေါ်ကြူကြူ တို့၏တူ၊ ကိုကျော်ဝင်း၏ညီ၊ ကိုဘိုကြီး၊ မောင်မောင်အေး၊ မောင်မောင်ဇော်၊ မောင်မောင်လွင်၊ မဝါဝါနိုင်၊ အောင်ကျော်သူတို့၏အစ်ကိုသည် ၂၁-၃-၂၀၀၄ ရက် ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရပ်စိန်ခေါ်(ခ)ဦးခွေးလေး
(မှန့်မျိုးစုံအရောင်းဆိုင်)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊လှည်းကူးမြို့နယ်၊ ဖောင်ကြီးနေ ရပ်မွေယာ(ရဲ)[ခ]ဦးဘိုးစိန်-ဒေါ်ကြင်မြတို့၏သား၊ ရန်ကုန်မြို့၊ အမှတ်၁၀၀(မြေညီထပ်)၊လမ်း၂၀၊လသာမြို့နယ်နေ ဒေါ်ရွှေလွမ်၏ခင်ပွန်း၊ ဦးသံချောင်း-ဒေါ်ခင်ခင်အေး၊ဦးပြုံးချို-ဒေါ်ခင်ရီဝင်း၊ဦးကိုလတ်-ဒေါ်ဌေးဌေး၊ ဦးထွန်းအောင်ကျော်-ဒေါ်ထွေးထွေးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၀-၃-၂၀၀၄ရက်(စနေနေ့)ည၁၀:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်း (ပုသိမ်)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁ နေ (ဦးဝမ်တယ်-ဒေါ်သန့်)တို့၏သမီး၊ ဦးတင်လှ၏ဇနီး၊ (ဦးသန်းထွန်း)-ဒေါ်အေးအေးချစ်၊ ဦးညိုထွန်း-ဒေါ်ရီရီမြင့်၊ ဗိုလ်မှူးမောင်မောင်ကို(ငြိမ်း)-ဒေါ်မူမူခင်၊ ဒေါက်တာဦးအောင်ဝင်း(ဒုတိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ရန်ကုန်တိုင်း)-ဒေါက်တာဒေါ်ခင်မေသီ(မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ ကြည့်မြင်တိုင်)၊ (ဦးချစ်ခိုင်)-ဒေါ်စန်းရီ၊ ဦးမောင်မောင်ဘို-ဒေါ်လဲ့လဲ့ခိုင်တို့၏မိခင်သည် ၂၁-၃-၂၀၀၄ရက် နံနက် ၈:၀၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက်၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြလေး
(ဒွေးမျက်မှန်)
အသက်(၈၄)နှစ်

အမှတ်၂၈၄၊ ပန်းဆိုးတန်းလမ်းနေ (ဦးသန်း-ဒေါ်လှဝင်း)တို့၏ သမီး၊ (ဒေါက်တာဦးဒွေး)၏ဇနီး၊ ဦးကျော်ညွန့်(အာရှတည်းခိုခန်း)-ဒေါ်လှလှဒွေး၊ ဦးအောင်မြင့်(သံမှူး၊မြန်မာသံရုံး၊ဒါကာမြို့)-ဒေါ်ခင်တင့်၊ဦးသန်းတိုး(ရန်ကင်းဆရာအတတ်သင်သိပ္ပံ၊ငြိမ်း)-ဒေါ်စုစုဒွေး၊ဒေါ်ဌေးဌေးဒွေး၊ဦးစိုးတင့်-ဒေါ်မော်လီဒွေး၊ (ဦးခင်မောင်မျိုး)-ဒေါ်ခင်ခင်ညိုဒွေး(မြန်မာ့အာမခံ၊ငြိမ်း)၊ဦးကျော်မိုးလွင်(ယွန်းခတ်ပုံ၊ဗီဒီယို)-ဒေါ်သက်သက်ဒွေး(စုမှူး၊မြေယာဌာန၊YCDC)၊ (ဦးညီညီဒွေး)၊ဦးမျိုးသန်းညွန့်(ဆောက်လုပ်ရေးအထူးဖွဲ့-၂)-ဒေါ်မီမီဒွေးတို့၏ မိခင်၊ မြေး၂၂ယောက်၊မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၀-၃-၂၀၀၄ရက်တွင် အောင်ဇေဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှအေး(ခ)စောရှုလျှန်
(A-1 ပလတ်စတစ်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးစောရာမား-ဒေါ်မိယန်)တို့၏သမီး၊ (ဦးညော်ကျောက်စွမ်-ဒေါ်ကျင်စွီ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အေဝမ်းခြံ၊ အမှတ် ၁၄၈(K)၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ မရမ်းကုန်းမြို့နယ်နေ (ဦးချစ်)၏ဇနီး၊ ဦးညွန့်တင်၊ ဦးညွန့်လှိုင်-ဒေါ်မြင့်ကြည်၊ ဦးတင်ဝင်းလှိုင်(အေဝမ်း ပလတ်စတစ်)-ဒေါ်ပြုံးပြုံးဇော်၊ ဦးဖရက်ချန်ထွန်း-ဒေါ်အေးအေးရီ၊ ဒေါ်စန်းစန်းရီ၊ ဦးစန်းမောင်(ပလတ်စတစ်)-ဒေါ်စန်းစန်းအေး၊ ဦးပြုံး(ပလတ်စတစ်) - ဒေါ်စန်းစန်းကြည်တို့၏မိခင်၊မြေး ၁၃ယောက်တို့၏အဘွားသည် ၁၉-၃-၂၀၀၄ရက်(သောကြာနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုကျော်စွာငြိမ်း(ခ)ဂူဂူးစံ
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်၁၄၈၊ အခန်း ၂၀၁နေ (ဦးကျော်ငြိမ်း)-ဒေါ်ရင်ရင်တို့၏သား၊ဘိုကလေးမြို့နေ တရားရုံးချုပ်ရှေ့နေ ဦးဌေးညွန့်-ဒေါ်ဆွေဆွေကြည်တို့၏သားသမက်၊ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ အောင်ချမ်းသာလမ်း၊ တိုက် ၁၄၈၊ အခန်း ၃၀၁နေ မအိရွှေစင်ဌေး၏ ခင်ပွန်း၊ ဦးအောင်နိုင်ဦး၊ ဒေါ်စန်းစန်းကြည်၊ ဦးမြင့်အောင်၊ ဒေါ်မြင့်မြင့်ခိုင်တို့၏ညီ/မောင်၊ မဇာနီငြိမ်း၊ မကဠဏီငြိမ်းတို့၏ အစ်ကို၊ တူ တူမ လေးယောက်တို့၏ ဦးလေးသည် ၂၁-၃-၂၀၀၄ ရက်တွင် ရန်ကုန်မြို့အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာဒေါ်သန်းခင်
M.B.,B.S,(Ygn)
(သရုပ်ပြ၊ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန-ငြိမ်း)
ဆေးတက္ကသိုလ်-၁၊ ရန်ကုန်
(ပေါက်ခေါင်းမြို့)
အသက်(၈၃)နှစ်

မြောင်းမြမြို့၊ (ဦးဘအုန်း-ဒေါ်ထွေး)၊ ဒေါ်သန်းတို့၏သမီး၊ ပေါက်ခေါင်းမြို့ အမှတ် (၃)ရပ်ကွက်နေ ဦးစောနေဒွန်း၏ဇနီး၊ (ဦးစောသန်း)-ဒေါ်ပုမယ်၊ ဒေါက်တာလှလွင်-ဒေါ်ဆွေဝါကြူ(ရန်ကုန်)၊ မနီနီထွန်းတို့၏မိခင်သည် ၁၉-၃-၂၀၀၄ရက်(သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ပေါက်ခေါင်းမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးသူရသန်းဦး (ငြိမ်း)
(စစ်တက္ကသိုလ်အပတ်စဉ်-၁၇)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဖဆပလနေ(ဦးကျော်စိန်-ဒေါ်ညွန့်)တို့၏သား၊ စစ်ကိုင်းမြို့နေ(ဦးတိုးအောင်-ဒေါ်ရင်မြ)တို့၏သားသမက်၊ ဒေါ်အမာကြူ၏အစ်ကို၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် ၂၀၅၊ အခန်း ၁၊ ရန်ရှင်းလမ်းနေ ဒေါ်ကြူကြူမာ၏ခင်ပွန်း၊ မောင်ကျော်စွာသန်းဦး(Htoo Trading Co., Ltd.)၊ မောင်စည်သူသန်းဦး၊ မောင်ဗညားသန်းဦး(ဒုသမတန်း-ဆ၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏ဖခင်သည် ၂၁-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁:၃၀နာရီတွင် မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၀၄ ရက်တွင် မူဆယ်မြို့၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၀၄ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ချယ်ရီလွင်
အသက်(၄၀)

မန္တလေးမြို့နေ (ဦးတင်ထွေး-ဒေါ်ရင်ရင်အေး)တို့၏သမီးကြီး၊ အမှတ်၁၅၄၊ ၄၇လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးခင်မောင်သန်း(ဇန်ဇန်၊ နံနက်ခင်းသတင်းဂျာနယ်)၏ဇနီး၊ မောင်နေနေရန်နိုင်၊ မမြတ်နိုးပွင့်တို့၏မိခင်သည် ၁၉-၃-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

၂၅-၃-၂၀၀၄ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းအမကြီး
ဒေါ်စံမွေး
(ကြယ်သုံးလုံးမုန့်ဆိုင်၊မုဒုံမြို့)
အသက်(၈၉)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်နေ (ဦးရှိန်ရီ)၏ဇနီး၊ ဦးယုဟိန်-ဒေါ်မဲလင်း၊ (ဦးခင်ဖုန်း)-ဒေါ်မြမြ၊ (ဦးငွေဘော်)-ဒေါ်သန်းသန်းအေး၊ (ဦးသောင်းတင်-ဒေါ်မြဝင်း)၊ ဦးမောင်မောင်-(ဒေါ်လှလှဝင်းခိုင်)၊ ဦးအေးလွင်-ဒေါ်တင်ကြည်တို့၏မိခင်၊ မြေး၁၉ယောက်၊မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၁၈-၃-၂၀၀၄ ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ရက်တွင် မုဒုံမြို့ တရုတ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်မြစန်း
(လှိုင်းဘွဲ့၊ကော့ကရိတ်)
အသက်(၅၇)နှစ်

ကော့ကရိတ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ပခမ်းတန်း၊ ဗိုလ်ချုပ်လမ်းနေ (ဦးမြသိန်း-ဒေါ်စောကျင်)တို့၏သမီး၊ ဦးသန့်ဆွေ(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဦးထွန်းဝင်း၊ (ဦးသန်းဝင်း-ဒေါ်ခင်မူအေး)တို့၏ညီမ၊ မောင်သိန်းထိုက်ဆွေ၊ မသီဂီဆွေ၊ မောင်မြတ်ထိုက်ဆွေ၊ မောင်ကျော်ထိုက်ရွှေ၊ မောင်အေးကျော်သူဆွေ(Uniteam)-မဇင်မြတ်ကျော်၊ မောင်ထိုက်စိုးသူဆွေ၊ မနန္ဒာထိုက်ဆွေတို့၏မိခင်၊ မောင်ဖုန်းစည်သူ၏ အဘွားသည် ၂၁-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကော့ကရိတ်မြို့၌ သဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဦးအောင်ဇေယျ
B.Sc(Chemistry)
အသက်(၄၅)နှစ်

လှိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ အမှတ်န/၆၃နေ (ဦးဝင်းဖေ-ဒေါ်သန်းသန်း)တို့၏သား၊ ဦးစံသိန်း-ဒေါ်ခင်သန်းဝင်း၊ (ဦးညွန့်ဝင်း)၊ (ဦးနေဝင်း)-ဒေါ်စန်းစန်းသွင်၊ (ဦးရဲဝင်း)-ဒေါ်အေးအေးအောင်၊ ဦးအေးဝင်း- ဒေါ်လှလှဌေး၊ ဒေါ်တင်ဌေးဝင်း၊ ဒေါ်တင်မြဝင်းတို့၏ညီ/မောင်သည် ၁၉-၃-၂၀၀၄ ရက် (သောကြာနေ့) ည၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၀၄ ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် နာနတ်တောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးလှမြင့် (တောင်ညွန့်)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၈၊၁၃ လမ်းနေ (ဦးပါ-ပရဆေး)-(ဒေါ်လှတင်)တို့၏သားကြီး၊ဒေါ်စိန်စိန်(အထက-၂၊ဗဟန်း)၏မောင်၊ ဦးချစ်ကြိုင်-ဒေါ်သိန်းသိန်းမြင့်တို့၏အစ်ကို၊ ဒေါ်နှင်းစိန်၏ ခင်ပွန်း၊ ဦးသိန်းဝင်း-ဒေါ်သဲလ်မာ၊ ဦးလှဝင်း-မတင်တင်မိုး၊ ဦးလှဌေး(မော်တင်ဈေး)-ဒေါ်ဝင်းဝင်းသန်း၊ ဦးသန်းဌေး၊ မောင်မင်းဆွေ-မခင်မာသူတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၈) ဗိုလ်သူရလမ်း ဗိုလ်စိန်မှန်နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ကျော်
(အလုပ်ရုံစုမှူး၊ကြွေ-၁)
အသက်(၄၇)နှစ်

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ကျီးပင်ချောင်ကျေးရွာနေ (ဦးဘမျိုး)-ဒေါ်ခင်မူတို့၏သား၊ ဒေါက်တာဦးဟန်စိန်(မုံရွာဆေးရုံ)-ဒေါ်ခင်မေယု၊ ဒေါ်သန်းစိန် (တွဲဖက်ပါမောက္ခ၊ မုံရွာတက္ကသိုလ်)တို့၏ညီ/မောင်၊ ဦးဗိုလ်ဗိုလ်-ဒေါ်ဌေးဌေးဝင်း၊ ဦးညိုညို-ဒေါ်စန်းဦး၊ ဦးရဲဝင်းထွန်း-ဒေါ်လဲ့လဲ့မျိုး (လ/ထကထိက၊ မုံရွာတက္ကသိုလ်)၊ ဦးညီညီ-ဒေါ်လဲ့လဲ့ဆွေတို့၏ အစ်ကို၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၅၂ နေ ဦးလှရှိန်-(ဒေါ်အုံးမြင့်)တို့၏သားသမက်၊ ဒေါ်ခင်မျိုးဝင်း၏ ခင်ပွန်း၊ မောင်ဖြိုးဇေယျာကျော်(ပနစ်၊ I.C)၊ မခိုင်မွန်ကျော်(လ-၅၊မရမ်းကုန်း)တို့၏ဖခင်သည် ၂၀-၃-၂၀၀၄ ရက် (စနေနေ့) ည ၈:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးအသောက (ဓမ္မာစရိယ)
(မင်းပြား၊နားဒင်ရွာသစ်)
သက်တော်(၂၄)နှစ်၊သိက္ခာတော်(၄)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ မဟာအောင်မြေဘုံစံကျောင်းတိုက်၌ ပရိယတ္တိစာပေသင်ကြားလျက် သီတင်းသုံးနေသော ဦးအသောက (ဓမ္မာစရိယ၊မင်းပြား၊နားဒင်ရွာသစ်)သည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁ ရက် (၂၁-၃-၂၀၀၄ရက်)တနင်္ဂနွေနေ့ နံနက်၈:၂၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ ဒါယိကာမ၊ မိဘဆွေမျိုးများအား အကြောင်းကြားအသိပေးအပ်ပါသည်။

(အစ်ကိုကြီး)ဦးဓမ္မပီယ
သီရိဂန္ဓာရုံကျောင်း၊
အမှတ်(၁)၊တောင်ဥက္ကလာပမြို့နယ်။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စန်းစန်းမြ
(ဒဂုံမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ ငြိမ်း)
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၃ ရပ်ကွက်၊ ရန်ပြေ ၁၇လမ်းအနောက်နေ (ဦးမောင်လေး-ဒေါ်တင်)တို့၏သမီးကြီး၊ ဒေါ်ငြိမ်း၊ ဒေါ်ငြိမ်းနွယ်တို့၏ တူမ၊ ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ကျီးတစ်ပင်ကျေးရွာနေ (ဦးထွန်းရင်)-ဒေါ်လှရွှေတို့၏သမီး ချွေးမ၊ ဦးဝဏ္ဏ(Fuso Japan Co.,Ltd.)၏ ဇနီး၊ ကိုဝင်းလတ်(ဌာနစုမှူး၊ပစ္စည်း၊ MEPE)-မလှလှဝင်း(ပစ္စည်းစီမံ၊MEPE)၊ ဒေါက်တာသက်နိုင်မောင်(ထွေ/ကုအဖွဲ့၊ ဆရာဝန်အသင်း)-မလှလှခိုင်၊ကိုထွန်းနိုင်မောင်(MRTV)- မခင်စန်းမြင့်(MRTV)၊ မောင်ဟန်ထွန်း-မစန်းစန်းချို၊ မောင်ဌေးလွင်(ASP Co.,Ltd.)-မစန်းစန်းညိုတို့၏ အစ်မကြီး၊ မအေးနန္ဒာမြ(Final Yr.English)၊ မအေးမြမြငြိမ်း(VI-A)တို့၏ မိခင်သည် ၂၀-၃-၂၀၀၄ ရက် (စနေနေ့)ည ၁၁:၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရွှေပွင့်
အသက်(၈၆)နှစ်

ဦးသန်းရွှေ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ စက်မှု-၁)-ဒေါ်ခင်ဝင်းတို့၏မိခင်သည် ၁၉-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစု
မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

ဗိုလ်မှူးဆွေသန်း (ငြိမ်း)
ဒု-ညွှန်မှူး၊ (ငြိမ်း)
စက်မှုဆေးဝါး
စက်မှု(၁)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၇)၊ တရုတ်ကျောင်းလမ်းနေ (ဦးကျော်စိုး-ဒေါ်အေး)၊ (ဦးဘူတာ-ဒေါ်အရှာ)တို့၏သားသမက်၊ ဒေါ်နုနုရီ၏ခင်ပွန်း၊ ဇီးကုန်းမြို့နေ (ဦးပျော့-ဒေါ်ကြည်ကြည်)၊ (ဦးတင်ရွှေ-ဒေါ်ရီရီ)တို့၏မောင်၊ရန်ကုန်မြို့နေ (ဦးမြသန်း)-ဒေါ်ခင်ခင်၊ (ဦးဝင်းမြင့်)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးညွန့်မောင်)-ဒေါ်ယဉ်စန်း၊ ဦးမြင့်ဆွေ-ဒေါ်ခင်ခင်တို့၏ညီ/အစ်ကို၊ ဦးရန်နောင်စိုး(အိမ်ကမ္ဘာဆောက်လုပ်ရေး)-ဒေါ်ခင်ဥတို့၏ဖခင်၊ မနှင်းလဲ့ဆွေ(UFL, 1st Yr, German)၊ မသင်းလဲ့ဆွေ(စတုတ္ထတန်း TTC)တို့၏ အဘိုးသည် ၂၁-၃-၂၀၀၄ရက် မွန်းလွဲ ၁၂:၀၅ နာရီတွင် အာရှတော်ဝင်နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြလေး (ဒွေးမျက်မှန်)
အသက်(၈၄)နှစ်

အမှတ်၂၈၄၊ ပန်းဆိုးတန်းလမ်းနေ (ဒေါက်တာဦးဒွေး)၏ဇနီး၊ ဦးကျော်စိုး-Anna၊ ဦးကျော်မိုး-ဒေါ်ဝင်းမင်းဆန်း၊ ဦးကျော်မင်း၊မရည်မွန်မြင့်၊ထက်စည်သူ၊ ဦးရဲနောင်ထွန်း-ဒေါ်မော်မော်ဆန်း၊ ဒေါက်တာသန်းဝင်း-ဒေါ်မြင့်မြင့်၊ဦးမိုးကြည်ဖြူ-ဒေါ်နှင်းနှင်းနု၊ဦးစိုးမင်း-ဒေါ်စိုးစိုးရီ၊မတင်နွယ်စိုး၊မခင်မေစိုး၊ မအိအိစိုး၊မောင်မြတ်ဇော်လင်း၊မကေခိုင်ဝင့်၊ မဆုမွန်မျိုး၊မမေမျိုးသူ၊ မမိုးဆုမွန်၊ မောင်မိုးပိုင်စိုး၊မောင်မျိုးသူရ(မအိအိမျိုး)၊ မောင်ထက်မြက်မျိုး၊ မောင်ဖြိုးသက်ခိုင်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၀-၃-၂၀၀၄ရက်တွင် အောင်ဇေဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကောင်းထက်ဇော်(ခ)
ညီလေး (တောင်ကုတ်)
အသက်(၉)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ဆေးရုံကွက်သစ် ၂လမ်းနေ ဦးဌေးအောင်(ခ)ဦးကျားကြီး-ဒေါ်နီလာစောတို့၏သားထွေး၊ မောင်စိုးပိုင်၊ မတင်ထက်ထက်ဇော်တို့၏ညီ/မောင်သည် ၂၀-၃-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ခြောက်ထပ်ကြီး သာသနာ့တံခွန်ကျောင်းမှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်ဆွေမြင့်
အသက်(၅၈)နှစ်

မန္တလေးမြို့နေ (ဦးဖေမြင့်-ဒေါ်စိန်စိန်)တို့၏သမီး၊ ဦးမောင်မောင်လေး(ဒုရဲအုပ်၊ စခန်းမှူး၊ငြိမ်း၊ ဖောင်ကြီးသူရ-၆)၏ဇနီး၊ ဦးမျိုးတေဇ-နော်မိုနာ၊ စောမိုးကြီး-မမျိုးဥမ္မာ (တာချီလိတ်)၊ ဒုရဲအုပ်ထွန်းနိုင်မြင့်-မမျိုးကေသီ (ကျိုင်းတုံ)၊ မျိုးသီဟ(World Vision၊ တာချီလိတ်)တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၉-၃-၂၀၀၄ရက် ည ၁၀:၁၅ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ မိုးမခ ၅လမ်း၊ အမှတ် ၁၀၉၄ နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၃-၂၀၀၄ ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုကြိုဆို မုံရွာလေယာဉ်ကွင်းနိုင်လွန်ကတ္တရာပြေးလမ်းတိုးချဲ့ဖွင့်လှစ် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့သည်နှင့်အမျှဒေသခံပြည်သူများလူနေမှုအဆင့်မြင့်မားတိုးတက်လာ ယခုဆိုလျှင် ပြည်ထောင်စုကြီး၏အရှေ့ဖျားမှအနောက်ဖျား၊ မြောက်ဖျားမှတောင်ဖျားသွားလာ၍ရနေပြီ

ရန်ကုန် မတ် ၂၁

၂၀၀၅ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မုံရွာလေဆိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးပြီး နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် မုံရွာလေဆိပ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနား တက်ရောက်ခွင့်ရရှိသောမော်ကွန်းဝင်များဖိတ်စာထုတ်ယူနိုင်

ရန်ကုန် မတ် ၂၁

၂၀၀၅ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိကြသော ရန်ကုန်တိုင်းအတွင်းမှ မော်ကွန်းဝင်ပထမဆင့်နှင့် ဒုတိယဆင့်ပုဂ္ဂိုလ်များ၏အမည်စာရင်းကို မတ် ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ တတိယဆင့်ပုဂ္ဂိုလ်များ၏အမည်စာရင်းများကို မတ် ၂၂ ရက်ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း ဖော်ပြထားသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိသူများသည် ဖိတ်စာများကို ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် ၂၁၂ ရှိ မြန်မာ့သတင်းစဉ်တွင် မတ် ၂၄ ရက်မှ ၂၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း မိမိတို့၏အမျိုးသားမှတ်ပုံတင်ကတ်ပြားများဖြင့် လာရောက်ထုတ်ယူနိုင်သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ် ဖွင့်ပွဲအခမ်းအနားတွင် ဆင်းသက်လာသည့် လေယာဉ်ကြီးကို တွေ့ရစဉ်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂင်းနစ်စာရင်းဝင်ရန်ကြိုးပမ်း

ယာပုံမှာ တရုတ်လူမျိုး ကြိုးတန်းလမ်းလျှောက်သူတစ်ဦးအား သူ၏စွန့်စားမှုကို တင်ဆက်ပြသစဉ်တွေ့ရပုံဖြစ်သည်။ သူသည် ကမ္ဘာ့စံချိန် ဂင်းနစ်စာအုပ်တွင် စာရင်းဝင်ရန်အတွက် ကြိုးတန်းပေါ်၌ ၂၇ ရက်ကြာမျှနေခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့အရှားပါးဆုံးလင်းနို့ဖြူ

ဝဲပုံမှာ ကမ္ဘာ့အရှားပါးဆုံးနှင့် အသေးငယ်ဆုံး လင်းနို့ဖြူတစ်ကောင်ကို လက်မပေါ်၌တင်လျက် နှိုင်းယှဉ် ပြသထားပုံဖြစ်သည်။

ယင်းလင်းနို့ဖြူအား ဩစတြေးလျနိုင်ငံ ကိန်းမြို့အနီး ကူရန်ဒါမြို့ရှိ လင်းနို့ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းတွင် ကြောင်တစ်ကောင်၏ တိုက်ခိုက်မှုမှ ပြန်လည်ကယ်ဆယ်ရရှိထားခြင်းဖြစ်သည်။ **(အင်တာနက်)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအထူးကဏ္ဍများရည်ညွှန်းချက်

★ **"လမ်းမကြီးများ တည်ဆောက်ပေးနိုင်ခြင်းသည် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေသည်သာမက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေပေသည်။ ယခင်က ဒေသတစ်ခုနှင့် တစ်ခုသွားလာရန် ခက်ခဲသဖြင့် ချစ်ကြည်ရင်းနှီးမှု အလှမ်းဝေးခဲ့ရသည်။ ယခုတော့ တောင်ပေါ်မြေပြန့် ခရီးဆန့်နိုင်ခဲ့ပြီ။ တိုင်းရင်းသားပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာခဲ့သည်"**
မောင်မောင်ကျော်၏ **"သွားလမ်းသာ၍ လာလမ်းဖြောင့်သည့် တပ်မတော်နှင့် ပြည်သူတို့ဖောက်သောလမ်းများ"** ဆောင်းပါး — စာမျက်နှာ(၈-၉)

★ **"တပ်မတော်နှင့်တိုင်းရင်းသားပြည်သူများ လက်တွဲ၍ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"** ဓာတ်ပုံမှတ်တမ်း — စာမျက်နှာ(၇)

★ စောအောင်(ကီကျစ်)၏ **"သားကောင်းစာနည်း"** ကဗျာ — စာမျက်နှာ(၁၁)

★ လှထွဋ်ဦး၏ **"တပ်မတော်ဆိုတာ မရှိမဖြစ်လိုအပ်"** ကာတွန်း — စာမျက်နှာ(၁၁)

22-3 (20).p65 1 3/26/05, 10:53 PM